ကြေးမုံ The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလကွယ်၊ စနေနေ့၊ (20-3-2004) (၄၁၈၁)

သုဘာသိတာ စ ယာဝါစာ တေံ မင်္ဂလ မုတ္တမံ။

ချိုသာစွာ ပြောဆိုခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ယနေ့ထုတ်စောင်ရေ

၁၉၆၇၃၅

အခြေခံကောင်းတွေကို အသင့်ဖြစ်အောင် ပြင်ဆင်ပေးနေခြင်းဖြစ်

ဒို့နိုင်ငံမှာ တစ်ဦးချင်းဝင်ငွေမြင့်မားပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေဖို့၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုခိုင်မာပြီး နိုင်ငံရေးတည်ငြိမ်စေဖို့၊ ပြည်တွင်းသောင်းကျန်းမှုကွယ်ပျောက်ကာ တရားဥပဒေစိုးမိုးပြီး ရပ်ရွာအေးချမ်းသာယာစေဖို့နဲ့ အရည်အချင်းမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေဖို့ ဆောင်ရွက်နေခြင်းဟာ ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာဖို့အတွက် အခြေခံကောင်းတွေကို အသင့်ဖြစ်အောင် ပြင်ဆင်ပေးနေခြင်းပဲဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၆)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ-

ဈေးကွက်စီးပွားရေးတွင် အဟန့်အတားပြုမည့် အကန့်အသတ်များကို နိုင်ငံတော်က ပယ်ဖျက် စက်မှုကုန်ကြမ်းသီးနှံ ကြံ၊ ဝါနှင့် ရော်ဘာကို လွတ်လပ်စွာ သယ်ယူရောင်းဝယ်ခွင့်ပြုလိုက်ပြီဖြစ် တနင်္သာရီတိုင်းအတွင်း ဆီအုန်းသာမက ရော်ဘာစိုက်ပျိုးရေးတွင်လည်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်

ရန်ကုန် မတ် ၁၉

တနင်္သာရီတိုင်း မြိတ်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ် ၁၇ရက် နံနက် ၇နာရီခွဲတွင် မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း သထုံမြို့ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(သထုံ)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၂၀-၃-၂၀၀၄
(စနေနေ့)

နယ်လှည့်ဆေးကုရထားဖြင့် ဆေးဝါးကုသမှု ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြု

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇီဝကနယ်လှည့် ဆေးကုရထား စတင်အသုံးပြုခြင်း အခမ်းအနားကို မတ်လ ၁၆ ရက်နေ့က ရန်ကုန်ဘူတာကြီး အမှတ်(၁)စင်္ကြံ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ခဲ့သည်။

ဇီဝက နယ်လှည့်ဆေးကုရထားတွဲကြီးဖွင့်လှစ်၍ နယ်လှည့်ကွင်းဆင်းဆေးကုသမှုပေးနိုင်ရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ နယ်လှည့်ဆေးကုရထားတွဲကြီးနှင့်အတူ ရန်ကုန်မြို့ပေါ်ရှိ ဗဟိုအဆင့် ဆေးရုံများမှ ပါမောက္ခ၊ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ ကိုယ်တိုင်လိုက်ပါ၍ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြမည်ဖြစ်သည်။

အထူးကုဆရာဝန်ကြီးများတွင် အထွေထွေရောဂါကု၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုးနှင့် အကြောအဆစ်၊ သွားနှင့်ခံတွင်း၊ ကလေး၊ သားဖွားနှင့် မီးယပ်ရောဂါကု ဆရာဝန်ကြီးများ၊ ဓာတ်မှန်၊ ရောဂါဗေဒနှင့် မေ့ဆေးပါရဂူကြီးများ ပါဝင်ကြသည်။

ထို့အပြင် ပြည်သူများအား ပါရဂူကြီးများက ဆေးဝါးကုသပေးရာတွင် အထောက်အကူပြုမည့် ကျွမ်းကျင်ဝန်ထမ်းများ၊ သူနာပြုများ စုံစုံလင်လင်ပါရှိရာ ယခုနယ်လှည့် ဆေးကုရထားတွဲကြီးသည် အထူးကုဆေးရုံကြီးတစ်ရုံကဲ့သို့ အင်အားပြည့်စုံ ကောင်းမွန်ပေသည်။

နယ်လှည့်ဆေးကုရထားသည် မတ်လ ၁၆ ရက်နေ့တွင် ရန်ကုန်ဘူတာကြီးမှထွက်ခွာခဲ့ရာ နေ့လယ်ပိုင်းတွင် ညောင်လေးပင်ဘူတာသို့ ရောက်ရှိပြီး ဆေးဝါးကုသမှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ ညောင်လေးပင်မြို့ရှိ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများက ရထားပေါ်ရှိ ဆေးကုသခန်းများ၌ လူနာများအား စတင်စမ်းသပ်ကုသ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ယခုကဲ့သို့ ဗဟိုအဆင့်မှ အထူးကုဆရာဝန်ကြီးများက ရထားကြီးဖြင့် နယ်လှည့်ကွင်းဆင်း ဆေးကုသမှုပေးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ဆက်လက်၍ အခြားပြည်နယ်နှင့်တိုင်းများသို့ပါ ထွက်ခွာ၍ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ရထားဖြင့် နယ်လှည့်ဆေးဝါးကုသမှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့ပြနှင့်ကျေးလက်ဒေသနေ ပြည်သူတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ လူနာများအားလုံးကို အခမဲ့ကုသပေးမည်ဖြစ်သည်။ ထို့အပြင် ရောက်ရှိရာဒေသတိုင်း၌ ကျန်းမာရေး ပညာပေးဟောပြောပွဲများ ပြုလုပ်သွားရန်လည်း စီစဉ်ထားရှိကြောင်း သိရသည်။

ယနေ့ အချိန်အခါသည် နိုင်ငံတော်က နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင် သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ် အကောင်အထည်ဖော်လျက်ရှိချိန်ဖြစ်သည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့မြှင့်တင်ပေးခြင်း၊ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းတို့ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင် သန်စွမ်းရေး၊ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာရေးတို့အတွက် အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိချိန်တွင် ယခုကဲ့သို့ နယ်လှည့်ဆေးကု ရထားကြီးဖြင့် ဆေးဝါးကုသမှုလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းသည် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပိုမို၍ အထောက်အကူပြုနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒို့များဝန်တာကျေပါလို့

☆ နယ်ချဲ့စနစ်၊ ထိုတစ်ခေတ်နှင့်
ဖက်ဆစ်ဝါဒ၊ ခေတ်ကာလမှ
မြန်မာ့လွတ်လပ်ရေး
မြော်တွေးရှုမြင်၊ ပါဝင်ပေါင်းစည်း
နည်းမျိုးစုံပွား၊ တိုင်းရင်းသားတို့
စွမ်းအားထက်သန် တွန်းလှန်ခဲ့။

☆ ထိုမှစပြီး တပ်မတော်ကြီးမှာ
ရပြီးမနေ့၊ လွတ်လပ်ရေးကို
သက်ပေးကာကွယ်၊ အနယ်နယ်၌
ဖယ်ရှားစစ်ဆင်၊ တိုက်ပွဲဝင်ရ
ကာလရှည်လျား၊ နှစ်လေးဆယ်။

☆ ယနေ့ယခု၊ နားလည်မှုယှက်
စိတ်ချင်းဆက်၍၊ စစ်မက်ရပ်သိမ်း
ငြိမ်းလိုသည့်စိတ်၊ မမှိတ်မသုန်
ယုံကြည်စိတ်စွဲမြဲခဲ့ပြီ။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုဆို ဂုဏ်ပြုကဗျာ

☆ ခရီးဆက်ရန်၊ ကျန်ရှိသည်ကား
တပ်မတော်အား မဏ္ဍိုင်ထား၍
အများပြည်သူ၊ တူညီလက်တွဲ
ခိုင်မြဲမိဌာန်၊ စိတ်ထားမှန်နှင့်
နိုင်ငံရေးအား၊ စီးပွားရေးပြု
လူမှုရေးဆီ
ဦးတည်ချက်များ အောင်မြင်ရန်။

☆ လေးရပ်သုံးလီ၊ ဦးတည်ချက်ပေါင်း
အောင်စေကြောင်းတွက်၊ သွက်လက်လှုပ်ရှား
မြန်ပြည်သားမို့
ဒို့များ ဝန်တာ ကျေပါလို့။
ဒို့အား သွန်ကာ နေလာစို့။
ဒို့သား ညွှန်ကာ စေမှာဖို့။

လွင်ကိုဆေး

ဗန္ဓုလစစ်ကြောင်းသို့ ငါးများလှူဒါန်း

ရန်ကုန် မတ် ၁၉

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် ဗန္ဓုလစစ်ကြောင်းမှ တပ်မတော်သားများအတွက် ငါးလှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃နာရီခွဲတွင် တပ်မတော်အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀)ရှိ ဗန္ဓုလစစ်ကြောင်းရုံး၌ကျင်းပရာ အဏ္ဏဝါစိုးမိုးထရေးဒင်း ကုမ္ပဏီလီမိတက်မှ ငါးပိသာချိန် ၂၀၀ကို ဗန္ဓုလစစ်ကြောင်းမှူး ဗိုလ်မှူးကြီးမြင့်ကိုကိုထံ ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

တပ်မတော်နေ့ဂုဏ်ပြုကြိုဆို ဆေးနှင့်ဆေးပစ္စည်းလှူဒါန်း

ရန်ကုန် မတ် ၁၉

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆေးနှင့်ဆေးပစ္စည်းလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ကျင်းပရာ အထွေထွေရောဂါများ ကုသမှုဌာန ဌာနကြီးမှူး ဗိုလ်မှူးကြီးရဲသွေးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရွှေဦးစွာ အလှူရှင်(Tri Star General Trading Co,Ltd) မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင်က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်အလှူရှင် ဦးသိန်းနိုင်နှင့်အဖွဲ့က အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ တက်ရောက် ကုသနေကြသော လူနာများအသုံးပြုရန်အတွက် ငွေ ၄၁၆၆၇၁ကျပ်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တပ်မှူးကိုယ်စား အထွေထွေရောဂါများ ကုသမှုဌာန ဌာနကြီးမှူး ဗိုလ်မှူးကြီးရဲသွေးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်းနှင့် တစ်လတရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၉

မော်လမြိုင်မြို့ ဈေးကြိုဆန်တန်းရပ် ကျောင်းသစ်ကျောင်း သာမည-မိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းတိုက်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်းခုနစ်ရက်တရားစခန်းနှင့် တစ်လတရားစခန်းကို ဧပြီ ၁၂ရက်မှ မေ ၁၁ရက်အထိ ကျင်းပမည်ဖြစ်သည်။ထိုတရားစခန်းတွင် မိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နယ်လှည့်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သောဘနက ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားများကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်သားများအတွက် အလှူငွေများပေးအပ်ပွဲတွင် အလှူရှင်များမှ လှူဒါန်းငွေများကို လက်ခံယူစဉ်။ (သတင်းစဉ်)

❀ (၅၉)နှစ်မြောက်မှ

စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသော ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း၊ အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီး ညီထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ငွေကျပ် ၁၀သိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ ဦးမြင့်နိုင်(ဒုတိယရှေ့နေချုပ်)၊ ဇနီး ဒေါ်တင်ဌေးလှိုင်နှင့်မိသားစုက ငွေကျပ်တစ်သိန်း၊ ဆိတ်တီးဟုမ်းအင်ဒတ်စတီကုမ္ပဏီ လီမိတက်က ငွေကျပ် ၁၀သိန်း၊ မြန်မာရွှေရင်းအင်တာနေရှင်နယ် ကုမ္ပဏီ လီမိတက်က ငွေကျပ် ၆၈၀၀၀၀ တန်ဖိုးရှိ အမ်ဒီ-၈ အမျိုးအစား လက်ကိုင်ခန္ဓာကိုယ်ရှာဖွေရေးစက်လေးလုံး၊ ဦးရင်ဟိုင်း (ဟိုင်းဂျန်းကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀သိန်း၊ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း(ခနအောင် ကုမ္ပဏီလီမိတက်)က ငွေကျပ်ငါးသိန်း၊ ဖားကန့်ဒေသကျောက်မျက်ကုမ္ပဏီ ၃၂ခုက ငွေကျပ် ၁၅သိန်း၊ ဦးဝင်းနိုင်၊ ရွှေဟိန်းထက် ကုမ္ပဏီလီမိတက်က ငွေကျပ်ငါးသိန်း၊ ဦးအောင်မြင့် လပ်ကီးစတား ကုမ္ပဏီလီမိတက်က ငွေကျပ်ငါးသိန်း၊ ချန်လုံကုမ္ပဏီက ငွေကျပ်လေးသိန်း၊ ဟုန်ပန်းကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ ဦးနေဝင်းထွန်း ကျောက်စိမ်းနဂါး ကုမ္ပဏီလီမိတက်က ငွေကျပ်ငါးသိန်း၊ ဒေါက်တာထွန်းကြည် အဲဗားဝင်းနား ကုမ္ပဏီလီမိတက်က ငွေကျပ်ငါးသိန်း၊ ဒေါက်တာဇွန်မောင်မောင် (ကုန်စည်ပစ္စည်းဈေးရောင်းပွဲတော်လုပ်ငန်း)၊ ဆရာကြီးဦးဝင်းမောင် - ဒေါ်ရင်ရင်မြင့်(သား)ဖွဲ့ဉာဏ်ရဲလင်း အောင်တမန်ဆေးတိုက်မိသားစုက ငွေကျပ် ၁၂၀၀၀၀တန်ဖိုးရှိ တိုင်းရင်းဆေးများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြန်မာအရှေ့တိုင်းဘဏ်က ငွေကျပ်တစ်သိန်း၊ ရိုးမဘဏ် ကုမ္ပဏီလီမိတက်က ငွေကျပ်တစ်သိန်း၊ မြန်မာမေဖလားဝါးဘဏ်က ငွေကျပ်နှစ်သိန်း၊ ဦးဆွေသန်းဥက္ကဋ္ဌနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ကြက်၊ ဘဲ ဈေးသူ၊ ဈေးသားများက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ် ဘဲဥ၊ ကြက်ဥဒိုင်များက ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ ကြက်ဥအလုံး ၆၀၀၀၊ ကဏန်းလုပ်ငန်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ(ဆိပ်ကမ်းမြို့နယ်)က ငွေကျပ်တစ်သိန်း၊ ကဏန်းလုပ်ငန်းရှင်များအသင်းက ငွေကျပ်တစ်သိန်း၊ ဒုတိယ ဗိုလ်မှူးကြီး ဝင်းမြင့်(ငြိမ်း) အမှတ်(၁) စက်မှုဝန်ကြီးဌာနက အရိပ်ရပျိုးပင် ၅၀ နှင့် ငွေကျပ်ငါးထောင်၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းလေးကျေးရွာမှ ဦးရှန်လွန်းက အငြိမ်းစားလစာမှ လှူဒါန်းငွေကျပ် တစ်သောင်း၊ ရန်ကုန်မြို့ ကျားပျံမကောက် ဆေးလိပ်ခုံပိုင်ရှင် ဦးစိန်တင့်-ဒေါ်တင်တင်ဝင်းမိသားစုက ငွေကျပ်ငါးသိန်း တန်ဖိုးရှိ ကျားပျံမကောက်နှင့် ကျောက်စိမ်းတောင် ဆေးပေါ့လိပ် ၁၂၀၀၀၀၊ မြန်မာမွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ်က ငွေကျပ် ၁၁၀၀၀၀၊ ဘန်ဂါလီဆွန်နီဂျာမိဗလီ အုပ်ချုပ်ရေးအဖွဲ့က ငွေကျပ်တစ်သိန်းနှင့် ဦးရွှေလှ(Nice Construction Group Co.,Ltd) က ငွေကျပ်တစ်သိန်း၊ ဦးနီလေးနှင့် သားများ ရေယာဉ်ပိုင်ရှင် ပုသိမ်မြို့က ငွေကျပ်ငါးသောင်း၊ ရန်ကုန်ဗုဒ္ဓဂယာ ဘုရားဖူးလုပ်ငန်းနှင့် စင်ကာပူ ရွှေဘုရားကျောင်း ဒါယကာမိသားစုတို့က ငွေကျပ်သုံးသိန်း၊ ဦးဖြေ ဒေဝယက္ခ ဆေးတိုက်မှ ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ဒေဝယက္ခ မန်းဆေးထုပ် ၅၀၀၀ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဦးအောင်ရွှေစော၊ ဒေါ်နွဲ့နွဲ့ဝင်းမိသားစု သံကုန်မာဆိုင် မရမ်းကုန်းက ငွေကျပ်တစ်သိန်း၊ ဦးလှဝင်း-မလှဲလှဲဝင်း ဆန်းသစ်ဝင်း သင်္ဘောဆေးရောင်းဝယ်ရေးက ငွေကျပ်တစ်သောင်း၊ ဗိုလ်မှူးမျိုးသန့်(ငြိမ်း)စာရေးဆရာမောင်မိုးယံ ရေးသားသည့် ငွေကျပ် နှစ်သောင်းတန်ဖိုးရှိ ဝတ္ထုတိုပေါင်းချုပ်အုပ်ရေ ၅၀၊ဆရာကြီးကုမ္ပဏီ ဦးရန်နိုင်-ဒေါ်ရီရီသိန်းက ငွေကျပ်တစ်သိန်း၊ ဦးအောင်သီဟ ရတနာဒီပ အပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှုကုမ္ပဏီက ငွေကျပ်ငါးသောင်း၊ Myanmar Anada Co., Ltd မှ ဦးရမ်ကီစွန်းက ငွေကျပ်သိန်း ၅၀တန်ဖိုးရှိ စတီးဇလုံလုံးရေ ၅၀၀၀၀၊ ဒေါ်အေးမြနွယ်ပုဂံဟိုတယ်က ငွေကျပ်သုံးသိန်း၊ ဦးခင်အောင်-ဒေါ်ခင်မြင့်သူမိသားစု မြို့တွင်း ခရီးသည်သယ်ယူပို့ဆောင်ရေးက ငွေကျပ် ငါးသောင်း၊ လယ်သမားကြီးဖိုးရာဇာ ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်တင်က ငွေကျပ်ငါးသိန်း၊ ဦးအောင်မွန်-ဒေါ်လှလှမော် မြင့်မြတ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးက ငွေကျပ် ၄၅၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၅၀၊ ဦးသန်းမောင်-ဒေါ်ငွေကြည်(ချမ်းမြေ့စတိုး) မဓာဝီလမ်း မြောက်ဥက္ကလာပက ငွေကျပ်ကိုးသောင်း တန်ဖိုးရှိ ဆန်အိတ် ၁၀အိတ်၊ ဦးနန်းဦး (Golden Key) ဖျော်ရည်စုံလုပ်ငန်းက ငွေကျပ်တစ်သိန်း၊ ဦးအိုက်လင်း (ဂရိတ်နိုင်းကျောက်မျက်ရတနာကုမ္ပဏီလီမိတက်)က ငွေကျပ် ၅၄၀၀၀၀၊ မြန်မာရှုဘီအင်တာပရိုက် ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်က ငွေကျပ်သုံးသိန်း၊ မြန်မာအင်ပီရီယယ်ဂျိတ် ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်နှင့် အကျိုးတူ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ရှယ်ဖယ်မလီကုမ္ပဏီ၊ ဂျိန်းဖောအောင်ကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီနှင့် ချီးဖာမ်ကုမ္ပဏီတို့က ငွေကျပ် ၃၅၀၀၀၀နှင့် ဦးအန်နဝါ ထရိတ်ပါးစ် ကုမ္ပဏီလီမိတက်က ငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင် ၄၇ဦးတို့က ငွေကျပ် ၁၂၅၆၆၀၀၀နှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၇၂၈၀၀၀၀ စုစုပေါင်း အလှူငွေကျပ် ၁၉၈၄၆၀၀၀ ကို ပေးအပ်လှူဒါန်းရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသော ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်းနှင့် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တပ်မတော် စစ်သမိုင်းပြတိုက်၌ ခင်းကျင်းပြသထားသော (၅၉)နှစ်မြောက် တပ်မတော်နေ့ ပြခန်းများကို လိုက်လံကြည့်ရှု စစ်ဆေးကြရာ သက်ဆိုင်ရာပြခန်းအလိုက် ပြခန်းတာဝန်ရှိသူများက ကြိုဆိုကြပြီး လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လိုအပ်သည်များကို မှာကြားကာ တပ်မတော်စစ်သမိုင်းပြတိုက်မှ ညနေ ၅နာရီတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

မတ် ၈ရက်က (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းဖော်ပြပြီး) (က-ပ)

❒ တပ်မတော်နေ့မှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

ယနေ့ ဖွင့်လှစ်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၀) ရပ်ကွက်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းချောကိုးလမ်းသည် အရှည်ပေစုစုပေါင်း ၁၀၃၇၁ ပေရှိပြီး ရပ်ကွက်ပြည်သူများ ထည့်ဝင်ငွေ ၂၉၃၁၇၄၆၅ကျပ်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပံ့ပိုးငွေ ၂၉၅၂၉၈၁၃ကျပ်ဖြင့်လည်းကောင်း၊ အမှတ်(၄၂)ရပ်ကွက်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းချော ၁၀ လမ်းသည် အရှည်ပေစုစုပေါင်း ၁၁၈၃၀ ရှိပြီး ရပ်ကွက်ပြည်သူ ထည့်ဝင်ငွေကျပ် ၃၄၁၈၀၀၀၀ နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ပံ့ပိုးငွေကျပ် ၃၄၃၄၄၀၀၀ ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၃-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော် ဦးဃောသိတ တရားတော် "မဟ္မာနုပဿနာသတိပဋ္ဌာန်"**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၅၀ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် - Theory of Probability (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်စီးပွား)
- ၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မောင့်ရွှေနဖာစူးမယ့်ရွှေနဖူးစာ အပိုင်း(၁၆)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **English Premier League ဘောလုံးပွဲ Arsenal & Bolton**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အား တောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

☆ တပ်မတော်အား (၁၀)ပါး ☆

၁။ သစ္စာစောင့်သိမှု၊
၂။ အမိန့်နာခံတတ်မှု၊
၃။ စိတ်ဓာတ်ခိုင်မာမှုနှင့် ဇွဲသတ္တိပြည့်ဝမှု၊
၄။ စစ်စည်းကမ်းကောင်းမွန်မှု၊
၅။ လေ့ကျင့်သားပြည့်ဝမှု၊
၆။ တိုက်ရည်ခိုက်ရည်ပြည့်ဝမှု၊
၇။ ကျန်းမာကြံ့ခိုင်မှု၊
၈။ အချင်းချင်းရဲဘော်စိတ်ထားရှိမှု၊
၉။ စွန့်လွှတ်စွန့်စားမှု၊
၁၀။ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်မှု။

မဟာစည်၁၀ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၉

သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်ဓမ္မဗိမာန်တော်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာစည်ဝိပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားစခန်းကို ၁၃၆၅–၆၆ ခုနှစ် တန်ခူးလ သင်္ကြန်အခါသမယတွင် အေးမြချမ်းသာမဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ဗဟုဇန ဟိတဓရ ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင် သီရိဓမ္မ ကြီးမှူး၍ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားတော်များဟောကြားပြသမည်ဖြစ်သည်။

တရားအားထုတ်လိုသည့် ယောဂီများ ကျိုက္ကစံစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း–၅၆၅၄၅၂သို့စာရင်းပေးသွင်းကြပါရန်နှင့် ယောဂီများအတွက် အရဏ်၊ နေ့ဆွမ်း၊ ညနေဖျော်ရည်များ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ
ကျောက်စိမ်း၊ကျောက်မျက် ယူရိုငွေ ၁၃ဒသမ၇သန်းကျော်ဖိုး ရောင်းချရ

ရန်ကုန် မတ် ၁၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေ၄နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိလာရာ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် မြန်မာ့ ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသည့် ကျောက်မျက်အတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများကို ယမန်နေ့ ညနေ ၅ နာရီမှ ည ၁၁ နာရီခွဲအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၃၃ တွဲကို တန်ဖိုး ယူရိုငွေ ၁၃၀၁၉၀၄ ဖြင့် ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြသည်။

ယမန်နေ့ တစ်နေ့တည်းတွင်ပင် ကျောက်စိမ်း အတွဲပေါင်း ၅၄ တွဲကို တန်ဖိုးယူရိုငွေ ၂၃၈၈၀၁၆ ဖြင့် ရောင်းချရသည်။

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများ စတင်ရောင်းချသည့် မတ် ၁၆ရက်မှမတ်၁၈ရက်အထိကျောက်စိမ်းအတွဲ စုစုပေါင်း ၅၀၃ တွဲကို တန်ဖိုးယူရိုငွေ ၁၀၄၇၃၄၃၄ ဖြင့် ရတနာကုန်သည်များကဝယ်ယူသွားကြသည်။

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ကျောက်စိမ်းအတွဲများကို တန်ဖိုးအများဆုံး ဝယ်ယူသည့် ပြည်ပနိုင်ငံ M/S. Well Gain (HK)Ltd အား ဂုဏ်ပြုအမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်သည်။

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ စတုတ္ထနေ့အဖြစ် ယနေ့နံနက်၉နာရီမှစတင်၍ ကျောက်မျက်အတွဲများကို တင်ဒါစနစ်/ဈေးပြိုင်စနစ်တို့ဖြင့် စတင်ရောင်းချရာ ညနေ၅နာရီအထိ ကျောက်မျက်အတွဲပေါင်း ၂၄ တွဲကို တန်ဖိုးယူရိုငွေ ၃၂၃၀၀၁၈ ဖြင့် ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြသည်။

ယနေ့ညနေ၅နာရီအထိ ကျောက်စိမ်း၊ ကျောက်မျက် လေးရက်ပေါင်း ရောင်းရငွေစုစုပေါင်းမှာ တန်ဖိုးယူရိုငွေ ၁၃၇၀၃၄၅၁ ဖြစ်သည်။

မတ်၂၀ရက်တွင် ကျောက်မျက်အတွဲများကိုဈေးပြိုင်စနစ်ဖြင့်ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

"ထွန်းလင်းဂုဏ်ဖြာ သူရိယပမာ" အစီအစဉ် ထုတ်လွှင့်မည်

ရန်ကုန် မတ် ၁၉

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံတွင် ရဲစွမ်းသတ္တိဆိုင်ရာဘွဲ့၌ အမြင့်ဆုံးဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူများအကြောင်း သိကောင်းစရာများ၊ အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူများ၏ ဆွေမျိုးသားချင်းများက ပြန်ပြောင်းပြောပြချက်များ၊ ဘွဲ့ရရှိမှုဖြစ်စဉ်တွင် ကိုယ်တိုင် ပါဝင်ခဲ့သူများ၏ ပြောပြချက်များကို ကိုရွှေအောင် စုစည်းတင်ဆက်ထားသော "ထွန်းလင်းဂုဏ်ဖြာ သူရိယပမာ" အစီအစဉ်ကို မြန်မာ့အသံရေဒီယို အစီအစဉ်မှ မတ် ၂၄ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီအောင်လွင်၊ ဖြိုးငွေစိုးနှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်ထားကြသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက် နာနတ်တောလမ်း ဣန္ဒာရာမကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၁၃)တွင် ဧပြီ ၁၀ရက်မှ ၁၉ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ပညာဝံသ အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက် တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို စာအုပ်ဈေးပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၉

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ စီစဉ်မှုဖြင့် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၈နာရီခွဲတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ယခင်ရုံးချုပ်)အဆောက်အအုံ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ စာအုပ်ဈေးပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ စာပေတိုက်ပိုင်ရှင်များ၊ စာပေဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စာအုပ်ဈေးပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက စာအုပ်ဈေးပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက စာအုပ်ဈေးပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စာအုပ်ဈေးပွဲတော်၌ ဖွင့်လှစ်ရောင်းချကြမည့် စာအုပ်ဆိုင်များကို လိုက်လံကြည့်ရှုအားပေးကြသည်။

စာအုပ်ဈေးပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့ အပါအဝင် စာပေတိုက် ၃၉တိုက်တို့မှ စာအုပ်ဆိုင် ၅၈ဆိုင်တို့က ဘာသာရပ်မျိုးစုံ စာအုပ်အမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ယနေ့မှစတင်၍ မတ် ၂၈ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ရာ စာပေဝါသနာရှင်များ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်၊ ဗိုလ်မှူးချုပ်အောင်သိန်းနှင့် အဖွဲ့ဝင်များ ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၏စီစဉ်မှုဖြင့် စာအုပ်ဈေးပွဲတော်အတွင်း ဖွင့်လှစ်ထားသည့် စာအုပ်ဆိုင်များအား လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

(၅၉) နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု
စာအုပ်ဈေးပွဲတော်
စာပေဗိမာန်
အမှတ် ၃၇၃–၃၈၃၊ ဗိုလ်အောင်ကျော်လမ်း (အထက်)
(ယခင်ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံးချုပ်)
(၁၉–၃–၂၀၀၄ မှ ၂၈–၃–၂၀၀၄ ထိ)
နံနက် ၉ နာရီ မှ ညနေ ၅ နာရီ

ကန် ဦးဆောင်သည့်တပ်ဖွဲ့ ကျူးကျော်တိုက်ခိုက်ပြီး တစ်နှစ်အကြာ အီရတ်ပြည်သူများ၏ လူနေမှုဘဝအခြေအနေများ ဆိုးရွားလျက်ရှိနေဆဲ

ဘဂ္ဂဒက် မတ် ၁၈

၂၀၀၃ ခုနှစ် မတ် ၁၉ ရက်တွင် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များက အီရတ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ သောကြာနေ့သည် တစ်နှစ်ပြည့်မြောက်သည့်နေ့ဖြစ်သည်။ တစ်နှစ်တာကာလအတွင်း တိုင်းပြည်၏ လုံခြုံရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် စီးပွားရေးအခြေအနေများအပါအဝင် အီရတ်ပြည်သူများ၏ ဘဝပြန်လည်ဦးမော့လာစေမှုစသည့် အခြေအနေများသည် ဆိုးရွားလျက်ရှိနေကြောင်း သိရှိရသည်။ အီရတ်လေကြောင်းလိုင်းတွင် ၂၄ နှစ်ကြာ လေယာဉ်မယ်အဖြစ် လုပ်ကိုင်ခဲ့သည့် အာမယ်ဘရာဟင်နှင့် ၎င်း၏ ခင်ပွန်းဖြစ်သူတို့သည် စစ်ပွဲမစခင်က စစ်ကာလအတွက် ကြိုတင်ပြီး စားနပ်ရိက္ခာများ စုဆောင်းကာ ၎င်းတို့၏ သားသုံးဦးကို နှစ်သိမ့်မှုများပေးနိုင်ခဲ့သည်။

သို့ရာတွင် နောက်တစ်နှစ်အကြာတွင် စစ်ပွဲအတွက်သာမက အရာရာအတွက် စိုးရိမ်ပူပန်လာရကြောင်း ၎င်းတို့က ပြောကြားသည်။ အာမယ်သည် စီးပွားရေး ပိတ်ဆို့တားမြစ်မှုများကြောင့် အီရတ်လေကြောင်းလိုင်းများ၊ ပိတ်ခဲ့ရသည့် ၁၉၉၁ ခုနှစ် အထိသာ အလုပ်လုပ်ခဲ့ရကြောင်း၊ စီးပွားရေး ပိတ်ဆို့တားမြစ်ထားသည့် အချိန်ကထက် ယခုလက်ရှိ အခြေအနေသည် ပိုမို ဆိုးရွားကြောင်း၊ လုံခြုံရေးအခြေအနေကိုလည်း စိုးရိမ်နေရကြောင်း ၎င်းက ပြောကြားသည်။

ပိုမိုကောင်း

ဆက်ဒမ်ဟူစိန်လက်ထက်က အခြေအနေသည် ပိုမိုကောင်းကြောင်း၊ ယခုအခါ စာသင်ကျောင်းများတွင်လည်း လက်နက် ကိုင်ဆောင်မှုများရှိနေကြောင်း ၎င်း၏သားများက ပြောကြားခဲ့သည်။ အာမယ်သည် အလုပ်အကိုင်ရရှိရန် ကြိုးစားနေသကဲ့သို့ ရေနံဝန်ကြီးဌာနတွင် လုပ်ကိုင်နေသည့် ၎င်း၏ခင်ပွန်းဖြစ်သူက လုပ်ငန်းအခြေအနေများ ပြန်လည် တိုးတက်လာအောင် ကြိုးစားနေသော်လည်း ရရှိသည့်လစာသည် မပြောပလောက်ဘဲ ၎င်း၏ သားများကို ကျွေးမွေးလောက်ရုံသာရရှိသည်။

စောင့်မျှော်နေရ

အခြေအနေများကို အကောင်းဘက်မှ ရှုမြင်တတ်သော သားများ၏ အနာဂတ်နှင့်ပတ်သက်ကာ ဝမ်းနည်းစိတ်မကောင်းဖြစ်နေကြောင်း၊ ကြုံတွေ့ခဲ့ရသမျှများထဲတွင် ယခုအခြေအနေသည် အဆိုးဆုံးဖြစ်ကာ မရေမရာနှင့် အနာဂတ်ကို စောင့်မျှော်နေရကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

စီအင်န်အင်န်။

အီရတ်တွင် ဆက်လက်အမှုမထမ်းဆောင်လို ကန်တပ်ကြပ်ကြီးတစ်ဦး တာဝန်ငြင်းဆန်၊ အဖမ်းခံ

ဖလော်ရီဒါ မတ် ၁၇

ယခုရက်သတ္တပတ်သည် အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်ကို စစ်ဆင်ရေးစတင်သည့် နှစ်ပတ်လည် အထိမ်းအမှတ် သမယဖြစ်သည်။ အီရတ်ကို အမေရိကန်တို့ ဖုံးကြဲတိုက်ခိုက်ခြင်းမှာ ခေတ္တမျှသာဖြစ်သော်လည်း အီရတ်စစ်ပွဲက ပြည်တွင်းရော၊ ပြည်ပမှာပါ နောက်ဆက်တွဲ အကျိုးဆက်များကို ဖြစ်ပေါ်စေခဲ့သည်။

အဖမ်းခံ

ဖလော်ရီဒါမှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် အီရတ်တွင် ပြန်လည် စစ်မှုထမ်းရန် ငြင်းဆန်ပြီးနောက် မက်ဆာချူးဆက်အာဏာပိုင်များထံ အဖမ်းခံလိုက်သည်ဟု သိရသည်။

ရည်ရွယ်

အောက်တိုဘာလအတွင်းက ခွင့်ဖြင့်အိမ်ပြန်လာပြီးနောက် အီရတ်တွင် ပြန်လည်စစ်မှုမထမ်းလိုတော့သည့် တပ်ကြပ်ကြီး မက်ဂျီယာ (၂၈) နှစ်က တာဝန်သိသော ကန့်ကွက်သူအဖြစ် ရပ်တည်ရန်ရည်ရွယ်လျက် စစ်ရဲများထံ အဖမ်းခံလိုက်သည်။

ဦးတည်နိုင်

မိမိအနေဖြင့် တပ်မှူး သို့မဟုတ် ခေါင်းဆောင် တစ်ဦးဦးကို အပြစ်မပြောလိုကြောင်း၊ မိမိပြောလိုသည်မှာ အီရတ်စစ်ပွဲဆင်နွှဲမှုသည် အဓမ္မဆန်နေပြီး အကြမ်းဖက်မှု ပိုမိုဖြစ်စေရေးကိုသာ ဦးတည်စေနိုင်သဖြင့် ထိုသို့သောစစ်မျိုးတွင် မိမိမပါဝင်လိုခြင်းဖြစ်ကြောင်း တပ်ကြပ်ကြီးမက်ဂျီယာက ပြောကြားလိုက်သည်။

အင်တာနက်။

ကန်တပ်ဖွဲ့ဝင်များ မဆင်မခြင် ပစ်ခတ်မှုကြောင့် အီရတ် မိသားစုဝင်ခြောက်ဦး သေဆုံး၊ လေးဦး ဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၁၆

အီရတ်ကျေးရွာတစ်ရွာကို လက်နက်ကြီးများဖြင့် ပစ်ခတ်သဖြင့် အီရတ်မိသားစုဝင် ခြောက်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိသွားသည်ဟု သိရသည်။

ရွာသားများက လက်ထပ်ပွဲကျင်းပစဉ် အနီးပတ်ဝန်းကျင်က သိရှိအောင် စနေနေ့တွင် ခလေ့ထုံးစံအတိုင်း သေနတ်ထောင်ဖောက်သည်ကို အမေရိကန်တပ်ဖွဲ့ဝင်များ ကြားရပြီးနောက် ၎င်းတို့၏ ယာယီစခန်းမှ ပြန်လည်၍ လက်နက်ကြီးများဖြင့် ပြန်ပစ်သည့်အတွက် ယခုကဲ့သို့ သေဆုံးဒဏ်ရာ ရရှိခြင်းဖြစ်သည်။ သေဆုံး၊ ဒဏ်ရာရသူ မိသားစုမှ ကျန်ရစ်သူများက အမေရိကန်တပ်ဖွဲ့ဝင်များ၏ လုပ်ရပ်ကို ဖော်ထုတ်ပြစ်တင်လိုက်သည်။

မကြားရ

ဘဂ္ဂဒက်မြို့တော် မြောက်ဘက် မစ်ဒါဒီယာမြို့အနီး ဇူဟမ်ကျေးရွာတွင် အခမ်းအနားရှိကြောင်း သတင်းကို မသိရှိခဲ့ကြောင်း အမေရိကန်စစ်ဖက်က ကြေညာသည်။

စနေနေ့ မွန်းလွဲပိုင်းက ထိုမိသားစု တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း၊ ပထမဖုံးဆန်မှာ အနီးရှိဆိုင်တွင်း ကျရောက်ပြီး ဒုတိယဖုံးဆန်မှာ နေအိမ်တွင်း ကျရောက်ကာ ယင်းသို့ သေဆုံး ဒဏ်ရာရခြင်းဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်သည့်အတွက် ခြောက်ဦး သေဆုံးပြီး ဒဏ်ရာရသည့် အသက်(၁၇) အောက် ကလေးလေးဦးမှာ ဆေးရုံတွင် တင်ထားရသည်။

အင်တာနက်။

ဟွန်ဒူရပ်စ်တပ်ဖွဲ့ဝင်များ အီရတ်မှ ပြန်လည်ရုပ်သိမ်းမည်

တီဂူစီဂါလ်ပါ(ဟွန်ဒူရပ်စ်) မတ် ၁၇

ဟွန်ဒူရပ်နိုင်ငံက စပိန်နိုင်ငံအတိုင်း ဆောင်ရွက်သည့်အနေဖြင့် အီရတ်ရှိ ဟွန်ဒူရပ်တပ်ဖွဲ့ဝင် ၃၇၀ တို့ကို ဇွန်လကုန်တွင် ပြန်လည်ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဖက်ဒရီကိုဗရိဗ်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။ ဟွန်ဒူရပ်နိုင်ငံ၏ ဖော်ပြပါဆုံးဖြတ်ချက်သည် စပိန်ဝန်ကြီးချုပ် ဆုံးဖြတ်ချက်နှင့် တိုက်ဆိုင်လျက်ရှိကြောင်း ဗရိဗ်က ပြောကြားသည်။

စပိန်ဝန်ကြီးချုပ်သစ် ဇာပါတာရိုက အီရတ်နိုင်ငံကို ကျူးကျော်မှုသည် အမှားတစ်ရပ်ဖြစ်ကြောင်း၊ ကုလသမဂ္ဂက အီရတ်နိုင်ငံကို နိုင်ငံစုံတပ်ဖွဲ့ဖြင့် ထိန်းချုပ်မှုမရှိပါက စပိန်တပ်ဖွဲ့ဝင်များကို ဇွန် ၃၀ ရက်တွင် ပြန်လည်ရုပ်သိမ်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟွန်ဒူရပ်၊ အယ်ဆာဗေဒိုနှင့် နီကာရာဂွာနိုင်ငံတို့သည် လူလူချင်း စာနာထောက်ထားရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၎င်းတို့၏ တပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံရှိ စပိန်ဦးဆောင်သည့် တပ်ဖွဲ့သို့ ပို့ဆောင်ပေးခဲ့သည်။ ဟွန်ဒူရပ်နိုင်ငံက ၎င်း၏ တပ်ဖွဲ့ဝင် ၃၇၀ အား အီရတ်နိုင်ငံသို့ ဩဂုတ်လက ပထမဆုံးအကြိမ်အဖြစ် ပို့ဆောင်ခဲ့သည်။

အင်တာနက်။

တရုတ်-ရုရှား စစ်ရေးအတိုင်ပင်ခံ အစည်းအဝေး ပေကျင်း၌ ကျင်းပ

ပေကျင်း မတ် ၁၈

တရုတ်ပြည်နှင့် ရုရှားတို့၏ အဋ္ဌမအကြိမ် စစ်ရေးအတိုင်ပင်ခံ အစည်းအဝေးကို ပေကျင်းမြို့တော်၌ အင်္ဂါနေ့တွင် ကျင်းပသည်။ ယင်းအစည်းအဝေးတွင် နှစ်နိုင်ငံစလုံးက အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် သန္နိဋ္ဌာန်ချမှတ်ကြသည်။

နေ့ဝက်ကြာ ကျင်းပခဲ့သော အဆိုပါ အတိုင်ပင်ခံ အစည်းအဝေးကို တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်ဖွဲ့ ဒုတိယကာကွယ်ရေးဦးစီးချုပ် ရွှန်ကောင်ကိုင်နှင့် ရုရှားလက်နက်ကိုင်တပ်ဖွဲ့များ၏ ဒုတိယကာကွယ်ရေးဦးစီးချုပ် ယူရီဘော်အူယက်စကီတို့ တက်ရောက်ခဲ့သည်။

ဒေသတွင်းနှင့် နိုင်ငံတကာလုံခြုံရေး အခြေအနေ၊ အဓိကကျသော နိုင်ငံတကာ ပြဿနာရပ်များ လက်နက်ကိုင်တပ်ဖွဲ့ နှစ်ဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်ဖက်စလုံးက စိုးရိမ်ပူပန်သော ပြဿနာရပ်များနှင့် ပတ်သက်၍ နှစ်ဖက်ဖလှယ်ခဲ့ကြကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

ရုရှား ဒုတိယကာကွယ်ရေးဦးစီးချုပ်က အဓိကကျသော နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ နှစ်နိုင်ငံ တိုင်ပင်ဆွေးနွေးပွဲများ နောက်ထပ် တိုးမြှင့်လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မတ် ၁၆ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ စစ်ဆေးရေးစခန်းတစ်ခု၌ ကင်းလှည့် စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကင်းလှည့် စောင့်ကြပ်

မတ် ၁၆ ရက်က အီရတ်နိုင်ငံ ဒီဝါနီယာမြို့တွင် မသင်္ကာသူအီရတ်များအား စစ်ဆေးမေးမြန်းနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

ကျူးကျော်စစ်ပွဲကြောင့် အီရတ်တို့၏ အဖိုးမဖြတ်နိုင်သော ရှေးဟောင်းပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရမှု

၂၀၀၃ခုနှစ် မတ်လ ၂၀ ရက်မှစတင်၍ အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်များက ကျူးကျော်တိုက်ခိုက်ခဲ့ရာ နိုင်ငံတစ်ဝန်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ကျူးကျော်စစ်ပွဲကြောင့် အီရတ်တပ်မတော်လည်း ပြိုကွဲခဲ့ရာ နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်မည့် တပ်မတော်တစ်ရပ် မရှိတော့သဖြင့် အီရတ်နိုင်ငံတွင် တည်ငြိမ်မှု ပျက်ပြားပြီး လုံခြုံရေးကင်းမဲ့ကာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာတွင် အီရတ်အမျိုးသားယဉ်ကျေးမှုပြတိုက်၏ အဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များလည်းပါဝင်ခဲ့သည်။

၂၀၀၄ခုနှစ် မတ် ၂ ရက်တွင် ဂျော်ဒန် အကောက်ခွန်ဌာနက သိမ်းဆည်းရမိသည့် အီရတ်မှ ခိုးယူခံရသော ရှေးဟောင်းရုပ်တုများကိုတွေ့ရစဉ်။

၂၀၀၃ခုနှစ် ဧပြီ၂၃ရက်တွင် အတ္တလန္တာ၊ ဘော်စတွန်၊ လန်ဒန်နှင့် ဝါရှင်တန်လေဆိပ်တို့၌ ပြန်လည်သိမ်းဆည်းရမိသည့် အီရတ်ရှေးဟောင်း လက်နက်တစ်မျိုးဖြစ်သော ရွှေဓားမြောင်နှင့် ရွှေဓားအိမ်တို့ကို တွေ့ရစဉ်။

သယ်ဆောင်နေရာချ

ဘဂ္ဂဒက်မြို့ကို အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် ခိုးယူခံခဲ့ရရာမှ ပြန်လည်တွေ့ရှိခဲ့သော ရှေးဟောင်းပစ္စည်းလက်ရာအချို့အား ရှေးဟောင်းသုတေသနပြတိုက် ဝန်ထမ်းများ သယ်ဆောင်ပြီး နေရာချထားစဉ်။

ရွှေခေါင်းဆောင်း

အီရတ်နိုင်ငံ ဘဂ္ဂဒက်ပြတိုက်မှ ခိုးယူခံရသည့် ရွှေခေါင်းဆောင်းကို တွေ့ရစဉ်။

ဘဂ္ဂဒက် အမျိုးသားပြတိုက်မှ ရှေးဟောင်းပစ္စည်းများ ပြန်လည်သိမ်းဆည်းရခဲ့မှုများ

ရက်စွဲ	နေရာ	အမျိုးအစား	အရေအတွက်
၂၂-၄-၂၀၀၃	ဂျော်ဒန်နယ်စပ်	ပန်းချီကား	၄၂ ချပ်
၂၈-၄-၂၀၀၃	ကူဝိတ်နယ်စပ်	ပစ္စည်းမျိုးစုံ	၁၀၀၀ ခန့်
၁၀-၇-၂၀၀၃	ဂျော်ဒန်	ပစ္စည်းမျိုးစုံ	၂၀၀၀ ခန့်
၂၉-၂-၂၀၀၄	ဘဂ္ဂဒက်	ခွက်ပုံများ	၁၀၀၀ ကျော်

ကန်နှင့်အပေါင်းပါတို့၏ ကျူးကျော်စစ်ပွဲကြောင့် ရှေးဟောင်းပစ္စည်းများ ပျက်စီးဆုံးရှုံးမှု

၂၀၀၃ခုနှစ် မတ် ၂၀ ရက်တွင် အမေရိကန်တို့ အီရတ်ကို ကျူးကျော်ပြီးနောက်ပိုင်းတွင် အီရတ်ပြတိုက်မှ ရှေးဟောင်းပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ကျွမ်းကျင်သူများသည် ယခုအထိ ပျက်စီးဆုံးရှုံးမှု တန်ဖိုးကို အကဲဖြတ်နိုင်စွမ်းမရှိဘဲဖြစ်သည်။ ပျက်စီးဆုံးရှုံးခဲ့သော ရှေးဟောင်းပစ္စည်းများ အနက် အဖိုးတန်ပစ္စည်းအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

အကြောင်းအရာ	ရှေးဟောင်းပစ္စည်းများ ပျက်စီးဆုံးရှုံးမှု
ဘဂ္ဂဒက်ပြတိုက်မှ အခိုးခံရသည့် ပစ္စည်းတန်ဖိုး	ဒေါ်လာသန်း ၇၀၀၀ ဖိုးခန့်
လုယက်ဖျက်ဆီးခံရသည့် ပစ္စည်းအမျိုးအမည်ပေါင်း	၁၇၀၀၀၀ ခန့်
လုယက်ခံရသည့် ပစ္စည်းအမျိုးအမည်များ	ပန်းချီကားများ၊ ရုပ်တုများ ပန်းအိုးများ၊ တံဆိပ်တုံးများ၊ ရွှံ့အိုးများ၊ စာပေများ၊ ခွက်ပုံများ
ဘဂ္ဂဒက်ပြတိုက်သို့ ပြန်ပို့သည့် ပစ္စည်းအရေအတွက်	၈၀၀ ကျော်
ရှေးဟောင်းပစ္စည်းများ၏ အစောဆုံးသက်တမ်း	လွန်ခဲ့သော နှစ် ၁၀၀၀၀ ခန့်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ယာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်

(၅၉)နှစ်မြောက်တပ်မတော်နေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

မကွေးတိုင်းအတွင်း အောင်လံ–တောင်တွင်းကြီး ရထားလမ်း ဖောက်လုပ်ရေး လုပ်ငန်းခွင်၌ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများ ဤသို့ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ

ဆောင်ရွက်သည့်လုပ်ငန်း	ဆောင်ရွက်သည့်ကာလ	တည်နေရာ
တောင်နဝင်းဆည်၊ ဆည်ရေသောက်တူးမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်း	၁၃–၁၂–၉၂ မှ ၂၅–၄–၉၅အထိ	ပဲခူးတိုင်း၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ တူးမြောင်းအရှည်–၅၆၉၆ပေ အကျိုးပြုဧက–၄၈၅၈ဧက
မိုးညိုဆည်တာပေါင် ပြုပြင်ခြင်းလုပ်ငန်း	၂၉–၉–၉၈မှ ၃၀–၁၀–၉၈အထိ	မိုးညိုမြို့နယ်၊ သံပရာခွံကျေးရွာအနီး
အောင်လံ–တောင်တွင်းကြီး ရထားလမ်းလုပ်ငန်း	၁၇–၅–၉၆မှ ၂၇–၁၂–၉၆အထိ	အောင်လံ–တောင်တွင်းကြီး ရထားလမ်း ရထားလမ်းအရှည် ၇၃သမ၃မိုင်

တူးမြောင်းဖောက်လုပ်

ပဲခူးတိုင်း ပြည်ခရိုင်အတွင်း တောင်နဝင်းဆည် ဆည်ရေသောက် စနစ်အတွက် တူးမြောင်းဖောက်လုပ်ရာတွင် အမှတ် (၆၆)ခြေမြန် တပ်မဌာနချုပ်မှ တပ်မတော်သားများနှင့် ပြည်သူတို့ ပူးပေါင်းဆောင် ရွက်ခဲ့ကြစဉ်။

တစ်ဦးချင်း ကိုယ်ကျိုးကို ပဓာန မထားသော တပ်မတော်

မိုးညိုဆည် တာပေါင်ပြုပြင်ခြင်းလုပ်ငန်းကို မိုးညိုမြို့နယ် သံပရာခွံကျေးရွာအနီး ဆောင်ရွက်ခဲ့ကြရာတွင် တပ်မတော်သားများ ဤသို့ပါဝင်ခဲ့ကြသည်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

အချိန်ကာလသည် အမျိုးသားနိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု သမိုင်းပေးတာဝန် အရ တပ်မတော်သည် နိုင်ငံတော်ကို စတင်တာဝန် ယူဦးဆောင်နေသော ၁၉၈၈ ခုနှစ် စက်တင်ဘာလ တတိယပတ်အတွင်းဖြစ်သည်။ ၁၉၈၈ ခုနှစ် ဆူပူမှု အရေးအခင်းကို ဒီမိုကရေစီ အရေးတော်ပုံအဖြစ် ပြည်တွင်း၊ ပြည်ပ လက်ဝဲလက်ယာ၊ မြေပေါ် မြေအောက်နိုင်ငံရေးအုပ်စုများနှင့် နိုင်ငံတကာ နယ်ချဲ့အုပ်စု ဩဇာခံအစုအဖွဲ့များက ပုံဖော် ဖန်တီးပြီး တပ်မတော်အား ဒီမိုကရေစီအရေးတော် ပုံကို နှိမ်နင်းဖြိုခွင်းသူများအဖြစ် လုပ်ကြံသိက္ခာချ လျက် တပ်မတော်အစိုးရအား နိုင်ငံရေး၊ စည်းရုံး ရေးအရ ဆန့်ကျင်လျက်ရှိသည်။ အခြားတစ်ဖက် တွင်လည်း ဗကပတို့က အရှေ့မြောက်နယ်မြေရှိ မိုင်းယန်းဒေသအား ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့ ဝင်ရောက်တိုက်ခိုက်လာခြင်းဖြင့် တပ်မတော်အစိုးရအား စစ်ရေးအရ အကျပ် အတည်းဖြစ်လာစေရန် အချိန်ကိုက် ပူးပေါင်း လှုပ်ရှားလာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မြေပေါ်ရှိ နိုင်ငံရေးအုပ်စုများက တပ်မတော်အား နိုင်ငံရေး၊ စည်းရုံးရေးအရဆန့်ကျင်ပြီး ဗကပတို့က စစ်ရေးအရတိုက်ခိုက်၍ တပ်မတော်အစိုးရ ဖယ်ရှားရေးအတွက် မဟာဗျူဟာမြောက် ကြိုးပမ်း လာခဲ့သည်။

ဤသို့လျှင် အရှေ့မြောက်စစ်ဒေသမှ ဗကပ တို့သည် နိုင်ငံတော်ဖြိုခွဲရေး ရည်မှန်းချက်ဖြင့် မိုင်းယန်းဒေသကို တိုက်ခိုက်ရန် ဗကပ အင်အား ၂၀၀၀ ကျော်ဖြင့် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် စတင်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

မိုင်းယန်းနှင့်မိုင်းလွေဒေသတို့တွင် တပ်မတော်မှ အမှတ်(၁၁) ခြေလျင်တပ်ရင်း တစ်ရင်းသာ တာဝန်ယူလျက်ရှိသည်။ တိုက်ပွဲမဖြစ်မီ အခြေ အနေတွင် ရှေ့တန်းအမှတ်(၁၁) ခြေလျင်တပ်ရင်း စစ်ကြောင်း(၁) ဌာနချုပ်နှင့် တပ်ခွဲတစ်ခွဲသည် အောင်တံခွန်၊ လမင်းကုန်း၊ ဘုရားကုန်း၊ ရန်ရှင်း ကုန်းတို့တွင် နယ်မြေထိန်းစခန်းထိုင် တာဝန်ယူ၍ တပ်ခွဲတစ်ခွဲသည် မိုင်းယန်းအရှေ့ခြမ်း၊ အောင်မြေ မြောက်ခြမ်းတို့တွင် လှုပ်ရှား တာဝန်ယူလျက် ရှိသည်။ စစ်ကြောင်း(၂) ဌာနချုပ်နှင့် တပ်စု တစ်စုသည် အောင်မြေစခန်းထိန်း တာဝန်ယူပြီး တပ်ခွဲရုံးနှင့် တပ်စုတစ်စုသည် အောင်သပြေနှင့် အောင်မြေအကြား လှုပ်ရှား တာဝန်ယူသည်။ တပ်ခွဲရုံးနှင့် တပ်စုနှစ်စုသည် အောင်သပြေ တောင်ခြမ်း လှုပ်ရှားတာဝန်နှင့် ခွဲတပ်ခွဲသည် မိုင်းလွေဒေသတွင် တာဝန်ယူလျက်ရှိသည်။

ရန်သူဗကပတို့သည် ၁၉၈၈ ခုနှစ် စက်တင် ဘာလ ၂၃ ရက်နေ့တွင် မိုင်းယန်းဒေသအား စစ်မျက်နှာ သုံးခုဖွင့်၍ တိုက်ခိုက်လာခဲ့သည်။ နံနက် ၈ နာရီ မိနစ် ၂၀ အချိန်တွင် လမင်းကုန်း သို့ လက်နက်ကြီးပစ်ကူများဖြင့် စတင်တိုက်ခိုက် ခဲ့ကြသည်။တပ်မတော်သည်မိမိထက်အဆမတန် အင်အားများပြားသည့် ဗကပတို့၏ တိုက်ခိုက်မှု ကို တပ်ခွဲရုံးနှင့် တပ်စိတ်နှစ်စိတ် အင်အားဖြင့် ခုခံ တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် လက်နက် အင်အား၊ လူအင်အားမျှတခြင်းမရှိသဖြင့် စစ်ရေး နည်းဗျူဟာအရ ယာယီအားဖြင့် ဘုရားကုန်းသို့ ဆုတ်ခွာပေးခဲ့သည်။ ဗကပတို့က မိုင်းယန်းဒေသ အား စတင်တိုက်ခိုက်သည်နှင့် မိုင်းယန်းဒေသ တပ်မတော် လှုပ်ရှားစစ်ကြောင်းက မိုင်းယန်းသို့ ပြန်လည် ဝင်ရောက်လာပြီး ဘုရားကုန်းနှင့် တပ်ရင်းမှူးရှိရာ အောင်တံခွန်ကုန်းတို့တွင် ဖြန့်ခွဲပါဝင် တိုက်ခိုက်ခဲ့သည်။ ရန်ရှင်းကုန်းရှိ တပ်မတော် တပ်စိတ် တစ်စိတ်ကိုလည်း ဗကပ တို့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက် တိုက်ခိုက်လာရာ တပ်မတော်သားများသည် အင်အား နည်းသည်၊ များသည် ပဓာနမထားဘဲ ရဲရဲဝံ့ဝံ့ ခုခံတိုက်ခိုက်ခဲ့သည်။ စစ်နည်းဗျူဟာအရ ရန်သူ ကို အစုလိုက်အပြုံလိုက် ချေမှုန်းရေးအတွက် ပြင်ဆင်နိုင်ရန် ယင်းနေ့ ၁၂ နာရီ ၄၅ မိနစ်တွင် စခန်းမှ ယာယီခွာစစ်ဆင်ခဲ့သည်။

ထို့အတူပင် ဗကပတို့သည် ဘုရားကုန်းသို့ ဆက်လက်တိုက်ခိုက်လာရာ တပ်မတော်၏ မူလ အင်အား တပ်စိတ်နှစ်စိတ်နှင့် လှုပ်ရှားစစ်ကြောင်း မှ ဖြန့်ခွဲအင်အားအပါအဝင် စုစုပေါင်းတပ်စိတ် ခုနစ်စိတ်ဖြင့် ခုခံတိုက်ခိုက်ခဲ့ကြပြီး ညနေ ၃ နာရီ မိနစ် ၃၀ တွင် ဘုရားကုန်းမှ ဆုတ်ခွာပေးခဲ့ သည်။ တပ်မတော်သည် စခန်းများမှ ခွာစစ် ဆင်ခဲ့ခြင်းမှာ ဗကပတို့အား အရှုံးပေးခြင်း မဟုတ်ဘဲ မိမိစခန်းများအပေါ်သို့ ဝမ်းသာအားရ တက်ရောက်လာကြသည့် ဗကပတို့အား စုပြုံ ချေမှုန်းရေး မဟာဗျူဟာကို ကျင့်သုံးနိုင်ရန် တပ်မတော်က နည်းဗျူဟာအရ လှည့်စားပြီး ရန်သူအား သတ်ကွင်းထဲ ရောက်လာစေရန် ထောင်ချောက်ဆင်လိုက်ခြင်းဖြစ်သည်။

ဤတွင် ဗကပတို့သည် တပ်မတော် ဆင် ထားသည့်ခွင်ထဲသို့ တည့်တည့်ကြီး ဝင်လာခဲ့ကြ သည့် ဗကပတို့သည် အောင်တံခွန်ကုန်းကို တိုက် ခိုက်ခဲ့ရာ တပ်မတော်က စုစည်းအင်အားဖြင့် ခုခံခဲ့သည်။ တပ်မတော်သည် အင်အားအလုံး အရင်းဖြင့် ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်နေသော ဗကပတို့အား အပြင်းအထန် ခုခံတိုက်ခိုက် ခဲ့သည်။ တိုက်ပွဲဖြစ်ပွား နေစဉ်ကာလတွင် တပ်မတော်အင်အားသည် တပ်ခွဲနှစ်ခွဲ အင်အား သာရှိသည်။ ဗကပများက လမင်းကုန်း၊ ဘုရား ကုန်း၊ ရန်ရှင်းကုန်းများကို ခြေကုပ်ယူ၍ လက်နက် ကြီးများဖြင့် ပစ်ကူပေး၍ အင်အားအလုံးအရင်း ဖြင့် တိုက်ခိုက်လျက်ရှိသည်။ တပ်မတော်ကလည်း အနိုင်မခံ အရှုံးမပေးဘဲ ဇွဲသတ္တိကြီးမားစွာ ခုခံ တိုက်ခိုက်လျက်ရှိသည်။ တိုက်ပွဲတွင် အမှတ်(၁၁) ခြေလျင်တပ်ရင်းမှူး ကိုယ်တိုင် ရန်သူကို ၇၅မမ နောက်ပွင့်ရိုင်ဖယ်ဖြင့် တိုက်ပွဲဝင် ပစ်ခတ်နေစဉ် ရန်သူ၏ ၆၀မမ လက်နက်ကြီးကျည် ထိမှန်ပြီး နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေးလှူသွားခဲ့သည်။

သို့သော်လည်း တပ်မတော်၏ လေ့ခွက် ချည်းကျန် အလံမလှဲသော သူရဲကောင်းစိတ်ဓာတ် ဖြင့် စက်တင်ဘာလ ၁၄ ရက်တိုက်ပွဲတွင် ဒဏ်ရာ ရရှိထားသည့် ဒုတိယတပ်ရင်းမှူးက ဆက်လက် ခေါင်းဆောင် ကွပ်ကဲလျက် စိတ်ဓာတ်ကြံ့ခိုင်စွာ ဖြင့် တိုက်ပွဲဝင်ခဲ့သည်။ ယင်းတိုက်ပွဲကာလတွင် တပ်မတော် စစ်ကြောင်း(၂)ဌာနချုပ်နှင့် တပ်ခွဲ နှစ်ခွဲအနက်မှ တပ်ခွဲတစ်ခွဲသည် တိုက်ပွဲဖြစ်ပွား ရာနေရာ မိမိအင်အားစုများနှင့် ပူးပေါင်း အားဖြည့် ရန် ကြိုးစားခဲ့ရာ ဗကပတို့၏ ဖြတ်တောက်ရေး အဖွဲ့များနှင့် ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

ဤတွင် စစ်ကူတပ်ခွဲသည် ရည်မှန်း ချက်မပျက်စေရန် ဗကပတို့၏ ဖြတ်တောက် ရေးအဖွဲ့များအား ရှောင်ကွင်းပြီး ချီတက်ခဲ့ရာ စက်တင်ဘာလ ၂၄ ရက်နေ့တွင် အောင်တံခွန် ကုန်းရှိ တပ်မတော်အင်အားစုများနှင့် ပူးပေါင်းမိ ကာ ဗကပတို့ကို ခုခံတိုက်ခိုက်ခဲ့သည်။ တိုက်ပွဲတွင် တပ်မတော်(လေ)က ဗကပတို့ ခြေကုပ်ယူထား သော နေရာများကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဗကပ တို့သည် အကျအဆုံးများလာခဲ့သည်။ တပ်မတော် (လေ)၏ ထိရောက်သော ဗုံးကြဲတိုက်ခိုက်မှု ဒဏ် ကြောင့် ဗကပတို့ သွေးပျက်လာကြသည်။ စိတ်ဓာတ်ကျဆင်းလာကြသည်။

သို့တိုင်အောင် ဗကပတို့သည် ယင်းတို့၏ ရည်မှန်းချက်အတွက် လက်အောက်ငယ်သားများ အား တပ်မတော်၏ သတ်ကွင်းရှေ့မှောက် အရောက်တွန်းပို့ပြီး အမိန့်ပေးတိုက်ခိုက်လျက်ရှိရာ အကျအဆုံးပိုမိုများပြားလျက်ရှိနေခဲ့သည်။ ဗကပ တို့သည် စခန်းသုံးခုကို သိမ်းရရှိခဲ့ပြီးဖြစ်၍ နောက်ဆုံး စခန်းသိမ်းတိုက်ပွဲကို အပြင်းအထန် တိုက်ခိုက်နေသကဲ့သို့ တပ်မတော်ကလည်း ချေမှုန်း လျက်ရှိသည်။

တစ်ဆက်တည်းမှာပင် မိုင်းခတ်ရှိ တပ်မတော်ရှေ့တန်းအမှတ်(၆) သေနတ်ကိုင် တပ်ရင်းမှ စစ်ကြောင်းငယ်တစ်ခုကို တပ်ရင်းမှူး ကိုယ်တိုင် ဦးစီးကွပ်ကဲ၍ စစ်ကူလိုက်ခဲ့ရာ လမ်း တွင် ဗကပအင်အားအချို့နှင့် တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ထို့အတူ စက်တင်ဘာ ၂၄ရက် နေ့တွင်လည်း ကျိုင်းတုံမှတစ်ဆင့် မိုင်းခတ်သို့ ရောက်ရှိလာသော ရှေ့တန်းအမှတ်(၁၄) ခြေလျင် တပ်ရင်းမှ တပ်ရင်းမှူးဦးစီးသည့် တပ်ခွဲနှစ်ခွဲကို စစ်ကူစေလွှတ်ခဲ့ပြီး မိုင်းလွေသို့ အရောက်တွင် ရှေ့တန်း အမှတ်(၆) သေနတ်ကိုင်တပ်ရင်းနှင့် ပူးပေါင်းမိခဲ့သည်။ ယင်းနောက် မိုင်းလွေအနီးရှိ မိုင်းလွေဘုရားကုန်းကို ဝိုင်းပတ် တိုက်ခိုက်ခဲ့ရာ စက်တင်ဘာလ ၂၅ ရက်နေ့ မွန်းတည့် ၁၂ နာရီ တွင် ဗကပတို့ သိမ်းပိုက်ထားသည့် ဘုရားကုန်း ကို ပြန်လည်သိမ်းပိုက်ယူရရှိခဲ့သည်။ စက်တင်ဘာ လ ၂၆ ရက်နေ့တွင် မိုင်းယန်းသို့ မရောက်မီ သုံးမိုင်အကွာတွင် ဗကပတို့ တက်ရောက် ခြေကုပ် ယူထားသော တောင်ကြော၌ ဗကပအင်အား ၄၅၀ နှင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ စက်တင်ဘာလ ၂၇ရက်နေ့တွင် မြေပြင် စစ်ကူ တပ်များနှင့်ပါ ရင်ဆိုင်တိုက်ခိုက်နေရသည့် ဗကပ တို့သည် အရှုံးမီးဝိုင်းဖြစ်လာခဲ့ကြသည်။ မိုင်းယန်း ကို ဆက်လက်တိုက်ခိုက်နိုင်စွမ်းလည်း မရှိတော့

ရှေ့တန်းစစ်မျက်နှာတွင် သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းရန် တပ်မတော်သားများ ချီတက်လာစဉ်။

၁၉၈၈ခုနှစ် စက်တင်ဘာလ ၂၃ရက်တွင် မိုင်းယန်းဒေသကို စစ်မျက်နှာဖွင့် တိုက်ခိုက်လာသော ဗကပတို့အား တပ်မတော်က ဤသို့ ရှုပ်ရှုပ်ချွံချွံ ပြန်လည်တိုက်ခိုက်ခဲ့သည်။

သမိုင်းဝင် သမိုင်းတွင်ရစ်သည့် မိုင်းယန်းတိုက်ပွဲ

သိန်းစိုး(တောင်ငူ)

ပေ။ ဗကပတို့သည် မိုင်းယန်းဒေသကို ထိန်းရုံသာ ထိန်းချုပ်ထားနိုင်ပြီး တပ်မတော်စစ်ကူ စစ်ကြောင်းများကို ရင်ဆိုင်နေရသဖြင့် ထိုးစစ်မှ ခံစစ်သို့ ပြောင်းလဲတိုက်ခိုက်ခဲ့ရသည်။

တိုက်ပွဲအခြေအနေမှာ တပ်မတော်က ဗကပတို့၏ မိုင်းယန်းဒေသထိုးစစ် ကို စတင်ဦးချိုးထားနိုင်ခဲ့ပြီဖြစ်သည်။ စက်တင်ဘာလ ၂၆ ရက်တွင် မိုင်းခတ်မှ ဗျူဟာမှူးဦးစီးသော အမှတ်(၁၄) ခြေလျင်တပ်ရင်း တပ်ခွဲနှစ်ခွဲနှင့် အတူပါလာသည့် အမြောက်များဖြင့်လည်း ဗကပတို့ကို ဦးနှိမ်တိုက်ခိုက်လာနိုင်ခဲ့သည်။ တပ်မတော်၏ စစ်ကူအားလုံးသည် ဖာမွန်တောင်ကြောတွင် ပူးပေါင်းမိပြီး တပ်မတော်၏ တန်ပြန်ထိုးစစ်ကြောင့် ဗကပတို့ ထိခိုက်သေဆုံးမှုများစွာဖြင့် ဖာမွန်တောင်ကြောပေါ်မှ ခြေကုပ်စခန်းဖြစ်သော တောင်ကုန်းသုံးခုကို စွန့်လွှတ်လျက် ကိုယ်လွတ်ရန်း ဆုတ်ခွာထွက်ပြေးကြတော့သည်။ တပ်မတော်သည် ဗကပတို့ ဖြတ်တောက် ပိတ်ဆို့ထားသော မိုင်းယန်းသို့ ချီတက်ရာ လမ်းကြောင်းတစ်လျှောက်ကို ရှင်းလင်းနိုင်ခဲ့ပြီဖြစ်သည်။ တပ်မတော်ရှေ့တန်း အမှတ်(၁၁) ခြေလျင်တပ်ရင်းမှ တပ်ခွဲတစ်ခွဲသည် မိုင်းယန်းရှိ အောင်တံခွန်ကုန်းတွင် လာရောက် ပူးပေါင်းမိခဲ့သည်။ ဗကပတို့သည် စစ်ရေးအခြေအနေမလှတော့သည့်ပြင် ဆက်လက်တိုက်ခိုက်ရန် အင်အားမရှိတော့သဖြင့် မိုင်းယန်းဒေသမှ ကစဉ့်ကလျားဆုတ်ခွာသွားကြသည်။

ယင်းမိုင်းယန်းတိုက်ပွဲသည် ရှစ်ရက်ကြာဖြစ်ပွားခဲ့ပြီး တိုက်ပွဲကြီး(၁၄)ကြိမ်၊ တိုက်ပွဲငယ်(၂၃)ကြိမ်၊ လုံးစုပ်ထိုးတိုက်ပွဲ အကြိမ် (၃၀) တိုက်ခိုက်ခဲ့ရသော တပ်မတော်၏ သမိုင်းဝင် တိုက်ပွဲကြီးဖြစ်သကဲ့သို့ တပ်မတော်မှ အရာရှိလေးဦး အပါအဝင် ၅၁ဦး နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေးလှူခဲ့ရပြီး ၁၂၄ဦး ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့ရသည်။ ဗကပတို့ဘက်မှ အလောင်း ၂၀၂ လောင်း ကျန်ရစ်ခဲ့သည်။

ဤသို့အားဖြင့် တပ်မတော်က အမျိုးသား နိုင်ငံရေးတာဝန်အရ နိုင်ငံတော်ကိုစတင်တာဝန်ယူဦးဆောင်သော ကာလဖြစ်သည့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ တတိယပတ်အတွင်းတွင် တပ်မတော်အား စစ်ရေးအရချေမှုန်းရန် ဗကပတို့က ကြိုးပမ်းလာခဲ့ခြင်း ဖြစ်သည်။

မိုင်းယန်းတိုက်ပွဲသည် မိုင်းယန်းဒေသသို့ အင်အားများပြားစွာဖြင့် ဝင်ရောက်တိုက်ခိုက်လာသည့် ဗကပတို့အားတပ်မတော်က ရဲရင့်ပြောင်မြောက်စွာ စွန့်လွှတ်စွန့်စား ချေမှုန်းတိုက်ခိုက်နိုင်ခဲ့သော တပ်မတော်၏ အောင်ပွဲဖြစ်သည်။

တပ်မတော်သည် မိုင်းယန်းတိုက်ပွဲတွင် မိမိတို့ထက် အဆမတန်အင်အားများပြားလှသော ဗကပတို့အား တိုက်ခိုက်အောင်ပွဲဆင်နိုင်ခဲ့ခြင်းမှာ တပ်မတော်သားတိုင်း၌ထားရှိရသည့် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဟူသည့် အရည်အချင်းငါးပါးကြောင့်ပင်ဖြစ်သည်။

မိုင်းယန်းတိုက်ပွဲဆင်နွှဲနေရချိန်သည် နိုင်ငံတော်၌ ပြည်တွင်းပြည်ပ လက်ဝဲလက်ယာ မြေပေါ်မြေအောက် နိုင်ငံရေးအုပ်စုများက တပ်မတော်အစိုးရအား ဆူပူဆန့်ကျင်ရေး လှုပ်ရှားမှုများ ပြုလုပ်နေချိန်ဖြစ်သည်။ ယင်းသို့ နိုင်ငံရေးအရ အကျပ်အတည်းဖြစ်ပေါ်နေချိန်ကို အချိန်ကိုက်၍ ဗကပတို့က စစ်ရေးအရ ဟန်ချက်ညီ ထိုးနှက်တိုက်ခိုက်လာခြင်းဖြစ်သည်။

ထိုစဉ်က မိုင်းယန်းတိုက်ပွဲသာမအောင်မြင်ခဲ့လျှင် မြန်မာနိုင်ငံကို နယ်ချဲ့တို့အလိုကျ ပုံဖော်လိုသည့် အခြေအနေမျိုး ဆိုက်ရောက်သွားနိုင်သည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ သမိုင်းသည် အလှည့်အပြောင်းတစ်ခု ဖြစ်သွားနိုင်ပေသည်။

(၅၉)နှစ်မြောက်တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

သို့သော် တပ်မတော်၏ စွန့်စွန့်စားစား တိုက်ပွဲဝင်မှုကြောင့် နိုင်ငံရေး၊ စစ်ရေး ပူးပေါင်းထိုးနှက်ပြီး မြန်မာနိုင်ငံ၏ အခြေအနေကို ပြောင်းလဲစေရန် လုပ်ကြံဖန်တီးလာသော အခြေအနေမှ ကျော်လွှားနိုင်ခဲ့ပေသည်။

တပ်မတော်သားတို့က ရန်သူဗကပတို့၏ အင်အားများပြားမှုကို အရေးမထားဘဲ လေ့ခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ တပ်မတော်၏အစဉ်အလာကို အသက်ပေး စောင့်ထိန်းလိုသည့် စိတ်ဓာတ်တို့ဖြင့် ရန်သူတို့အား တိုက်ခိုက်ချေမှုန်း အောင်နိုင်ခဲ့သည်။

ယင်းသို့ တပ်မတော်၏စိတ်ဓာတ် အပြည့်အဝဖြင့် မိမိထက် အဆမတန်အင်အားများပြားလှသည့် ရန်သူဗကပတို့အား အသက်ပေး၍ စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်နိုင်ခဲ့မှုကြောင့် နိုင်ငံတော်က အရာရှိတစ်ဦးနှင့် စစ်သည်တစ်ဦးတို့အား သီဟသူရဘွဲ့ကိုလည်းကောင်း၊ အရာရှိ အကြပ်စစ်သည် ၁၅ ဦးတို့အား သူရဘွဲ့ကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။ မိုင်းယန်းတိုက်ပွဲသည် တပ်မတော်သားတို့၏ သမိုင်းဝင် သမိုင်းတွင်ရစ်သည့် အောင်ပွဲတစ်ခုပင် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မိုင်းယန်းတိုက်ပွဲပြပုံ(၂၃-၉-၈၈)မှ(၃၀-၉-၈၈)အထိ



ရှေ့တန်းစစ်မျက်နှာတွင် စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်လျက်ရှိသော တပ်မတော်သားများကို တွေ့ရစဉ်။

သာသနာ့ဝန်ဆောင်အဖွဲ့ ယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၁၉

သာသနာ့ဝန်ဆောင်အဖွဲ့က ကြီးမှူး၍ ဗုဒ္ဓယဉ်ကျေးမှုနှင့်အညီ တင့်တယ်သော ဘဝဟန်ပန် ပျိုးထောင်ရေး အစီအစဉ်အဖြစ် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း (Buddhist Culture, How to Live and ware Smart) ကို မတ် ၂၉ ရက်မှ ဧပြီ ၇ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီးရှိ ရှင်သာမဏေဓမ္မဗိမာန်တွင် ဖွင့်လှစ်သင်ကြား ပို့ချပေးမည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူနှင့် အထက် တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

တနင်္သာရီတိုင်း၌ အသစ်ထပ်မံဝင်ရောက်လုပ်ကိုင်မည့် လုပ်ငန်းရှင်များက ဆီအုန်းစိုက်ပျိုးရန် မြေဧက သုံးသိန်းကျော် ရယူစိုက်ပျိုးရန် အဆိုပြုထား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း မြိတ်မြို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငါးလုပ်ငန်းရှင်များနှင့် ဆီအုန်းစိုက်ပျိုးနေသော တိုင်းရင်းသား လုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တနင်္သာရီတိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ပျိုးနေသော တိုင်းရင်းသား လုပ်ငန်းရှင်များ၊ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းကို အသစ်ဝင်ရောက်လုပ်ကိုင်ကြမည့် တိုင်းရင်းသား လုပ်ငန်းရှင်များ၊ မြိတ်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း လောင်းလုံးမြို့နယ် လောင်းလုံး ဆီအုန်းစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လမ်းညွှန်မိန့်ကြားခဲ့

ထိုသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တနင်္သာရီတိုင်းသို့ မကြာမီရက်ပိုင်းအတွင်းက ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ရောက်ရှိစဉ် နိုင်ငံတော်အကြီးအကဲက တနင်္သာရီတိုင်း၏ ရေမြေသယံဇာတ၊ ပင်လယ်ပြင်သယံဇာတ၊ သတ္တုသယံဇာတနှင့် သစ်တောသယံဇာတစသည့် သဘာဝသယံဇာတများကို အပြည့်အဝ ဖော်ထုတ်အသုံးချနိုင်မည်ဆိုလျှင် တနင်္သာရီတိုင်းသည် ချမ်းသာကြွယ်ဝသော တိုင်းကြီးဖြစ်နိုင်ပြီး ဒေသခံပြည်သူများ၏ နှစ်စဉ်ပျမ်းမျှဝင်ငွေသည်လည်း ပိုမိုတိုးတက်လာကာ လူနေမှုအဆင့်အတန်း မြင့်မားသွားနိုင်ကြောင်းဖြင့် လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း။

ထို့ပြင် တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသည့် စီးပွားရေးကဏ္ဍများအနက် စိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဒေသတွင်း ဆန်စပါးဖူလုံရေးအတွက် ဆန်စပါးတိုးတက်ထုတ်လုပ်ရေး၊ ဒေသရာသီရေမြေနှင့် ကိုက်ညီမည့် နှစ်ရှည်ပင်များဖြစ်သော ဆီအုန်းနှင့် ရော်ဘာတိုးချဲ့စိုက်ပျိုးရေးတို့ကို အလေးပေးညွှန်ပြခဲ့ပါကြောင်း။

ဆီအုန်းစိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်၏ စားသုံးဆီဖူလုံရေးကို ဆီအိုးကြီးအဖြစ် ထိထိရောက်ရောက် အထောက်အကူပြုနိုင်မှာ ဖြစ်သကဲ့သို့ ရင်းနှီးစိုက်ပျိုးလုပ်ကိုင်သော လုပ်ငန်းရှင်များအတွက်လည်း ရေရှည်အကျိုးဖြစ်ထွန်းမှာ ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို နိုင်ငံတော်စီမံကိန်းတစ်ရပ်အဖြစ် သတ်မှတ်ပြီး လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်များ ချထားပေးမှု အပါအဝင် လိုအပ်သည်များကို အားပေးခဲ့ကြောင်း။

တိုင်းရင်းသား လုပ်ငန်းရှင်အဖွဲ့ ၁၅ဖွဲ့က လွန်ခဲ့သော ငါးနှစ်ခန့်ကစ၍ မြေဧက ထောင်သောင်းချီ၍ စိုက်ပျိုးလုပ်ကိုင်လာခဲ့ရာ အချို့ဆီအုန်းခြံများသည် ဆီသီးခိုင်များ လှိုင်လှိုင်ထွက်ရှိလာနေပြီဖြစ်၍ တနင်္သာရီတိုင်းသည် မကြာမီနှစ်ကာလအတွင်း နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ် အမှန်တကယ် တက်လှမ်းနိုင်တော့မှာဖြစ်ကြောင်း။

ပြည်ပပို့ကုန်

ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းသည် သွင်းကုန်အစားထိုးလုပ်ငန်းဖြစ်သည်သာမက တစ်ချိန်တွင် ပြည်ပပို့ကုန်အဖြစ်ပင် ရပ်တည်သွားနိုင်သည့် စီးပွားရေးလုပ်ငန်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ စနစ်တကျချမှတ်၍ ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကဏ္ဍစုံ၊ ဘက်စုံက တိုးတက်အောင်မြင်မှု အသီးအပွင့်များ ရရှိနေသည်မှာ မျက်မြင်ပင်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအားဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရမည်ဖြစ်ကြောင်း။

ပြည့်အင်အားသည်

မိမိတို့အနေဖြင့် အတားအဆီး၊ အဟန့်အတားပိတ်ဆို့မှု အမျိုးမျိုးကြားမှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဟူသည့် ခံယူချက်ဖြင့် ကြိုးကြိုးစားစား ဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို ရာနှုန်းပြည့် မဟုတ်သည့်တိုင် အတော်များများပြည့်စုံအောင် တည်ဆောက်ပေးပြီးဖြစ်ကြောင်း။

အထောက်အကူပြုလျက်

ယင်းသို့တည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ လုပ်ငန်းရှင်များကလည်း ကဏ္ဍအလိုက် ကျွမ်းကျင်ရာအပိုင်းမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိကြောင်း။

လွတ်လပ်စွာရောင်းဝယ်ခွင့်

စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ် ပိုမိုပီပြင် ပြည့်စုံစွာ ဖြစ်ထွန်းရေးအတွက်လည်းကောင်း စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ကြံ၊ ဝါနှင့် ရော်ဘာတို့ကို ဈေးနှုန်းကန့်သတ်၍ အချိုးအစားအရေအတွက် တစ်ရပ်အထိ နိုင်ငံတော်အဖွဲ့အစည်းများက ပင်ထောင်စနစ်ဖြင့် ဝယ်ယူခြင်း၊ နိုင်ငံတော်အဖွဲ့အစည်းများသို့ ရောင်းချစေခြင်း စသည်တို့ကို ဆက်လက်ပြုလုပ်တော့မည် မဟုတ်ဘဲ ဈေးကွက်၏ သဘောတရားနှင့်အညီ ကြိုက်ရောင်း ကြိုက်ဝယ် လွတ်လပ်စွာ သယ်ယူရောင်းဝယ်ခွင့်ကို ပြုလိုက်ပြီဖြစ်ကြောင်း။

ယခင်စနစ်ဟောင်းအရ နိုင်ငံတော်အပိုင်းက ကန့်သတ်မှုများဖြင့် ဝယ်ယူမှုများ လုံးဝရှိတော့မည် မဟုတ်ကြောင်း။

ကြံနှင့် ဝါကို ပြည်တွင်းလိုအပ်ချက်ဖူလုံပြည့်စုံအောင် ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်နေသေးသဖြင့် ပြည်ပသို့ တင်ပို့ရောင်းချရန် လောလောဆယ်ခွင့်ပြုသွားမည် မဟုတ်ဘဲ ပြည်တွင်းမှာသာ လွတ်လပ်စွာ သယ်ဆောင်ရောင်းဝယ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း။

ရော်ဘာတင်ပို့ခွင့်ပြုမည်

ရော်ဘာမှာမူ ပြည်တွင်း လိုအပ်ချက်အတွက် ဖူလုံရုံသာမက ပိုလျှံနိုင်သည့် အခြေအနေများရှိရာ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြုရန် စီမံထားကြောင်း၊ ထို့ကြောင့် ရော်ဘာစိုက်ပျိုးသူများကိုယ်တိုင်ရော၊ ရောင်းဝယ်ဖောက်ကားသူများအနေဖြင့်ပါ ရော်ဘာကို ပြည်တွင်း၌သာမက ပို့ကုန်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း၊ ဤသို့ဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လာမည်ဟု မျှော်မှန်းထားကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

● စာမျက်နှာ ၁၀ မှ

ခြုံလိုက်လျှင် ယနေ့နိုင်ငံတော်၌ စိုက်ပျိုးထုတ်လုပ်နေသော သီးနှံများနှင့် စပ်လျဉ်း၍ ကန့်သတ်မှုများ မရှိတော့ဘဲ လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်ကြောင်း။

အားသွန်ခွန်စိုက်

ဈေးကွက်စီးပွားရေးပီပြင်စွာ ဖြစ်ပေါ်ရေး၊သက်ဆိုင်ရာ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကျိုးရှိရေး၊ နိုင်ငံတော်နှင့် ပြည်သူများအတွက်လည်း အကျိုးဖြစ်ထွန်းရေး၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပိုမိုပေါ်ထွန်းရေး စသည့် မွန်မြတ်သော ရည်မှန်းချက်များဖြင့် နိုင်ငံတော်အစိုးရက ဈေးကွက်စီးပွားရေးတွင် အဟန့်အတားပြုမည့် အကန့်အသတ်များကို ပယ်ဖျက်ပေးလိုက်ပြီဖြစ်ရာ လုပ်ငန်းရှင်များ၊ ပြည်သူများအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ အားသွန်ခွန်စိုက် အလုပ်လုပ်ကြရန်လိုကြောင်း။

တနင်္သာရီတိုင်း အတွင်း၌ ဆီအုန်းသာမက ရော်ဘာစိုက်ပျိုးရေးကိုလည်း ဝင်ရောက်လုပ်ကိုင်နိုင်သကဲ့သို့ သတ္တုကဏ္ဍ၊ သားငါးကဏ္ဍနှင့် အခြားစီးပွားရေးကဏ္ဍများ၌လည်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ထို့နောက် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားအပြီးတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အဆိုပါ အစည်းအဝေးခန်းမ၌ပင် လက်ရှိ ဆီအုန်းစိုက်ပျိုးလျက်ရှိသည့် တိုင်းရင်းသား လုပ်ငန်းရှင်များ၊ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို စိတ်ဝင်စားစွာ ဝင်ရောက်လုပ်ကိုင်မည့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဆက်လက်တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ယမန်နေ့က လုပ်ငန်းရှင်များအနေဖြင့် မိမိတို့စိုက်ပျိုး လုပ်ကိုင်ရန် စိတ်ဝင်စားသည့် ဒေသများ၊ ဆီအုန်းစိုက်ပျိုးသွားမည့် အစီအစဉ်များကို တင်ပြခဲ့ကြပြီး ဖြစ်ကြောင်း။

စိုက်ပျိုးလိုသည့် နေရာဒေသများကို လက်တွေ့မျက်မြင်သွားရောက်လေ့လာနိုင်ရေးအတွက်လည်းကောင်း၊ လိုအပ်သည့်ပံ့ပိုးမှုများကိုမြန်မြန်ဆန်ဆန် ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်းကောင်း ယခုကဲ့သို့ ထပ်မံတွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးလိုသည့်ဒေသ၊ပထမနှစ်တွင် စိုက်ပျိုးသွားနိုင်မည့် ဆီအုန်းစိုက်ဧက၊မိမိတို့စိုက်ပျိုးသွားမည့် ရေရှည်အစီအမံအကြမ်းဖျင်း အခြေအနေတို့ကို တင်ပြကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလုပ်ငန်းရှင်များက စိုက်ပျိုးမြေရရှိပြီးနောက် ပထမနှစ်စိုက်ပျိုးရန် လျာထားဧကနှင့် နှစ်အလိုက်ဆက်လက် စိုက်ပျိုးသွားမည့် ဆီအုန်းဧကများကို ငါးနှစ်မှ ရှစ်နှစ်အတွင်းစီမံချက်ရေးဆွဲ၍အပြည့်အဝ စိုက်ပျိုး



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းအား ရေဖြူမြို့နယ် ပုဂေါခွန်း ဆီအုန်းခြံရှင်းလင်းဆောင်တွင် မန်နေဂျာ ဦးစိုးဟန်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သွားမည်ဖြစ်ကြောင်း ကုမ္ပဏီအလိုက် ရှင်းလင်းတင်ပြကြပြီး မျိုး၊မြေ၊ စက်ယန္တရားနှင့် လုပ်သားရရှိရေးကိစ္စများကို တင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို တိုင်းနှင့် သက်ဆိုင်ရာဌာနများက ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

အဆိုပြုတင်ပြ

တနင်္သာရီတိုင်း၌ လက်ရှိလုပ်ကိုင်နေသော ဆီအုန်းကုမ္ပဏီများအပြင် အသစ်ထပ်မံ ဝင်ရောက် လုပ်ကိုင်မည့် လုပ်ငန်းရှင်များက ဆီအုန်းစိုက်ပျိုးရန်မြေဧရိယာဧကသုံးသိန်းကျော်ကို ရယူစိုက်ပျိုးရန် အဆိုပြုတင်ပြထားကြောင်း သိရသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် နံနက်၁၀နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် မြိတ်မြို့မှလောင်းလုံးမြို့နယ် လောင်းလုံးဆီအုန်းစက်ရုံသို့ ရောက်ရှိကြရာ ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီး ကျော်အောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးသန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း လောင်းလုံးဆီအုန်းခြံ မန်နေဂျာ ဦးသန်းထိုက်က လောင်းလုံး ဆီအုန်းခြံတွင် ဆီအုန်းပင်များ စိုက်ပျိုးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လောင်းလုံးဆီအုန်းစက်ရုံမှူးဦးညွန့်တင်က တစ်နာရီ၁ဒသမ၅ တန်ကျ ဆီအုန်းဆီကြိတ် စက်ရုံတည်ဆောက်ခဲ့မှု၊ ဆီအုန်းခြံမှ ဆီသီးထွက်ရှိမှု၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း မော်လမြိုင်မြို့ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်ပင်များ အသုံးချသုတေသနဌာန ရော်ဘာမျိုးနှင့် ဆီအုန်းယှဉ်ပြိုင်စမ်းသပ်ကွက်များ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆီအုန်းဆီကြိတ် ရရှိမှုတို့ကို ရှင်းလင်းတင်ပြရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ညွန့်တင်က လောင်းလုံး ဆီအုန်းခြံ/ ဆီကြိတ်စက်ရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် လိုအပ်သည်များကို မှာကြားပြီး လောင်းလုံးဆီအုန်းစက်ရုံ၏ လုပ်ငန်းအဆင့်ဆင့်နှင့် ဆီအုန်းဆီကြိတ်ရရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရေဖြူမြို့နယ် ပုဂေါခွန်း ဆီအုန်းစက်ရုံသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရှေးဦးစွာ ရှင်းလင်းဆောင်၌ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပုဂေါခွန်းဆီအုန်းခြံ မန်နေဂျာ ဦးစိုးဟန်က ပုဂေါခွန်းဆီအုန်းခြံ သမိုင်းကြောင်း၊ခြံအတွင်း ဆီအုန်းပင်များစိုက်ပျိုးထားရှိမှုနှင့် ဆီအုန်းပင်များ၏ သက်တမ်းတို့ကို ရှင်းလင်းတင်ပြပြီး စက်ရုံမှူး ဦးကျော်ကျော်က တစ်နာရီခုနစ်တန်ခွဲကျ ဆီအုန်းစက်ရုံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်တို့က ပုဂေါခွန်းဆီအုန်းခြံ၊ ဆီအုန်း ဆီကြိတ်စက်ရုံတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ပုဂေါခွန်း ဆီအုန်းစက်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့သို့ ရောက်ရှိကြရာ သံဖြူဇရပ်တပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း သံဖြူဇရပ်ရော်ဘာခြံ ခြံမန်နေဂျာရုံးသို့ သွားရောက်ကြရာ အစည်းအဝေးခန်းမ၌ သံဖြူဇရပ် ရော်ဘာခြံမန်နေဂျာ ဦးကြင်အိမ်က ရော်ဘာခြံအတွင်း ရော်ဘာပင်များ စိုက်ပျိုးထားမှု၊ ရော်ဘာအစေးခြစ်ယူရရှိမှု၊ ရော်ဘာစက်ရုံမှ ရော်ဘာထုတ်လုပ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ရော်ဘာခြံနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ ရောက်ရှိကြရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရော်ဘာစပ်မျိုး

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မတ် ၁၈ရက် နံနက် ၈နာရီတွင် မော်လမြိုင်မြို့ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနသို့ သွားရောက်ပြီး ရှေးဦးစွာ အထွက်ကောင်းရော်ဘာမျိုးများ၊ ဌာနက သုတေသနပြု ထုတ်လုပ်ထားသည့် ရော်ဘာစပ်မျိုးများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဆီအုန်းအစို့ပေါက် အစေ့၊ ဆီအုန်း ဆီချော၊ ဆီသပြေပင်နှင့် ဆီသပြေ ဆီချော၊ သစ်ဆိမ့်ဆီ၊ မက္ကာဒေးမီးယားပင်နှင့် တန်(Tung)ဆီပင်တို့ ပြသထားမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက်အစည်းအဝေးခန်းမ၌ နှစ်ရှည်ပင်များ အသုံးချ သုတေသနဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးအေးဖေက နှစ်ရှည်ပင်များ အသုံးချသုတေသနဌာန ဖွဲ့စည်းတည်ထောင်ရသည့် ရည်ရွယ်ချက်များ၊ ရော်ဘာ၊ ဆီအုန်း၊ သီဟိုဠ်သရက်၊ မက္ကာဒေးမီးယား၊ဆီသပြေ စသည့်နှစ်ရှည်ပင်များကို မြန်မာနိုင်ငံ၏ ရေ မြေ ရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသည့် နှစ်ရှည်ပင်မျိုးများ ဖြစ်လာစေရန် စမ်းသပ်သုတေသနပြု ဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏အဆက်အသွယ်ပြုဆောင်ရွက်မှုအခြေအနေ၊ သုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ တိုးချဲ့ဆောင်ရွက်သင့်သည့် ကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမည့် နှစ်ရှည်ပင်မျိုးများ ပေါ်ထွက်လာရေးအတွက် စေတနာထားအပင်ပန်းခံ၍ ဆက်လက်သုတေသနပြု ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ပိုးမွှားနှင့် ရောဂါကာကွယ်ရေးဌာန၊တစ်သျှုးနည်းဖြင့် ဆီအုန်းမျိုးပွားမွေးမြူခြင်းလုပ်ငန်း၊ အပင်မွေးမြူရေးဌာနနှင့် ဆီအုန်းမျိုးစေ့ အပူပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရော်ဘာမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် အဆိုပါစမ်းသပ်ကွက်ကြား ကွက်လပ်နေရာများ၌ မြေဆီထိန်းပဲပင် စိုက်ပျိုးထားမှုများကို လည်းကောင်း၊ ဆီအုန်းနှင့် သီဟိုဠ်သရက် ယှဉ်ပြိုင်စမ်းသပ်ကွက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စိုက်ပျိုးရေးဌာန၊ နည်းပညာဌာနနှင့် မြေဆီသိပ္ပံဌာနတို့၏ လုပ်ငန်းများကိုဆက်လက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့မှ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ကော့ကဒါရော်ဘာခြံသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ငွေသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ကော့ကဒါရော်ဘာခြံခန်းမ၌ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ကရင်ပြည်နယ် မန်နေဂျာ ဦးခွန်ရွှေသိန်းက ကော့ကဒါရော်ဘာခြံ စတင်တည်ထောင်ခဲ့မှု၊ ရော်ဘာ ၁၁၅၅ဧက စိုက်ပျိုးထားမှု၊ ရော်ဘာထုတ်ယူရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ရော်ဘာခြံနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မွန်ပြည်နယ် သထုံမြို့နယ်ရှိ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ➪



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းအား ကရင်ပြည်နယ် ဘားအံမြို့ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ကော့ကဒါရော်ဘာခြံ ရှင်းလင်းဆောင်တွင် မန်နေဂျာ ဦးခွန်ရွှေသိန်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

➪ **စာမျက်နှာ ၁၁ မှ**

အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှု စက်ရုံ (သထုံ)သို့ ရောက်ရှိကြရာ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးသက်နိုင်ဝင်း၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ တာယာကွန်ပေါင်းထုတ်လုပ်မှု ဌာနစိတ်၊ တာယာပန်းသားထုတ်လုပ်မှုဌာနစိတ်၊ တာယာအနားသံကွင်း ထုတ်လုပ်မှုဌာနစိတ်တို့၏ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စက်ရုံထုတ်စက်ဘီးတာယာနှင့် ကျွတ်အမျိုးမျိုး၊ မော်တော်ကားတာယာနှင့် ကျွတ်အမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်းက ရှင်းလင်းပြသသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် စက်ရုံဧည့်ခန်းမ၌ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူနှင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ နှစ်ရှည်ပင် ရော်ဘာစိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားရှင်းလင်းပြီး ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။ (သတင်းစဉ်)

ပြည်နယ်၊ တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက် ကျင်းပ

ရန်ကုန် မတ် ၁၉

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Isuzu Motors., Ltd Japan က အဓိကပံ့ပိုးသည့် ၂၀၀၄ခုနှစ် (၂၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ တတိယနေ့ ၁၈ ကျင်းကစားအပြီးတွင် အသင်းလိုက် အကျော့မဲ့ပြိုင်ပွဲ၌ ရန်ကုန်တိုင်းက ၂၂၉+၂၃၂+၂၂၁ Total Gross ၆၈၂ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)က ၂၃၁+၂၂၅+၂၃၅ Total Gross၆၉၁ ချက်ဖြင့် ဒုတိယလိုက်ပြီး စစ်ကိုင်းတိုင်းက ၂၃၄+၂၃၅+၂၃၃ Total Gross ၇၀၂ချက်ဖြင့် တတိယ လိုက်နေသည်။

တစ်ဦးချင်း အကျော့မဲ့ ပြိုင်ပွဲ၌ နိုင်နိုင်လင်း(ရန်ကုန်တိုင်း)က ၇၄+၇၄+၇၅ Total Gross ၂၂၃ ချက် ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

လှမျိုး (ရန်ကုန်တိုင်း)က ၇၈+၇၆+ ၇၄ Total Gross ၂၂၈ချက်ဖြင့် ဒုတိယလိုက်ပြီး အောင်ဝင်း(စစ်ကိုင်းတိုင်း)က ၇၃+၇၇+၇၉ နှင့် ဗိုလ်မှူးခင်ဇော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ၇၄+၇၅+၈၀ Total Gross ၂၂၉ချက်စီဖြင့် ပူးတွဲတတိယ လိုက်နေကြသည်။

အသင်းလိုက် အကျော့ပေးပြိုင်ပွဲ၌ ရန်ကုန်တိုင်းက ၂၀၂+၂၁၁+၂၀၄နှင့် မွန်ပြည်နယ်က ၂၀၅+၂၀၆+၂၀၆ Total Nett ၆၁၇ချက်စီဖြင့် ပူးတွဲဦးဆောင်ကစားလျက်ရှိကြသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ၂၀၁+၂၀၅+၂၂၁ Total Nett ၆၂၇ချက်ဖြင့် ဒုတိယလိုက်ပြီး မန္တလေးတိုင်းက ၂၁၅+၂၀၃+၂၁၀ Total Nett ၆၂၈ချက်ဖြင့် တတိယ လိုက်နေသည်။

တစ်ဦးချင်း အကျော့ပေးပြိုင်ပွဲ၌ လှဝင်း(မွန်ပြည်နယ်)က ၆၉+၆၆+၆၇ Total Nett ၂၀၂ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အာကျော်(မန္တလေးတိုင်း)က ၇၁+၆၅+၆၈နှင့် ဇော်ဝင်း(မွန်ပြည်နယ်)က ၆၉+၆၇+၆၈ Total Nett ၂၀၄ချက်စီဖြင့် ပူးတွဲဒုတိယလိုက်ပြီး၊ လှမျိုး(ရန်ကုန်တိုင်း)က ၆၉+၆၈+၆၈ နှင့် Eike Htaung ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ၆၆+၆၇+၇၂ Total Nett ၂၀၅ချက်စီဖြင့် ပူးတွဲတတိယ လိုက်နေကြသည်။

စတုတ္ထနေ့ ၁၈ ကျင်း ပြိုင်ပွဲကို မတ် ၁၉ရက် နံနက် ၈နာရီတွင် ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

ပြပွဲတက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ပလတ်စတစ်လုပ်ငန်းရှင်များအဖွဲ့ အတွင်းရေးမှူး ဦးတင်ထွန်းဦးဆောင်၍ အဖွဲ့ဝင် ၂၄ ဦးပါ ပလတ်စတစ် လုပ်ငန်းရှင်များသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပြုလုပ်မည့် T-PLAS ၂၀၀၄ ပြပွဲသို့ တက်ရောက်ရန် မတ်၁၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်း ၂၈၃၄ ဒသမ ၃၂ ဟက်တာ ဖျက်ဆီးခဲ့

ရန်ကုန် မတ် ၁၉

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေး လုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တောတောင်လျှိုမြောင်များတွင် တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်းများကို ရှာဖွေဖော်ထုတ်ဖျက်ဆီးလျက်ရှိရာ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုန်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ဟိုပုန်းမြို့နယ်ဟိုဝေးရွာအနီး၌ ဘိန်းခင်း ၂၉ ဒသမ ၇၆ ဧက၊ စံဖူးရွာအနီး၌ ဘိန်းခင်း ၂၉ ဒသမ ၃၅ ဧက၊ တန်လိတ်ရွာနှင့် ပန်ကုလားရွာအနီး၌ ဘိန်းခင်း ၆၅ ဒသမ ၈ ဧက၊ ဒုံတိဟန်ရွာနှင့် နောင်ကျုံရွာအနီး၌ ဘိန်းခင်း ၄၆ ဒသမ ၄ ဧက၊ တလားဒိုးရွာ၊ ပန်ကွန်ရွာနှင့် လိုက်ကွန်ရွာ အနီးတစ်ဝိုက်၌ ဘိန်းခင်း ၄၄ ဒသမ ၈ ဧက စုစုပေါင်းဘိန်းခင်း ၂၆၇ ဒသမ ၈၇ ဧက ဖျက်ဆီးခဲ့သည်။

ဖျက်ဆီးခဲ့

၂၀၀၃-၂၀၀၄ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်း ၅၃၃၂ ဒသမ ၄၂၆ ဧက၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဘိန်းခင်း ၈၅၉ ဒသမ ၄၉ ဧက၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ဘိန်းခင်း ၄၆၇ ဒသမ ၅၂ ဧက၊ ကချင်ပြည်နယ်တွင် ဘိန်းခင်း ၄၇ ဒသမ ၃၆ ဧက၊ ကယားပြည်နယ်တွင် ဘိန်းခင်း ၂၀၅ ဒသမ ၅ ဧက၊ စစ်ကိုင်းတိုင်းတွင် ဘိန်းခင်း ၉၁ ဒသမ ၃ ဧက စုစုပေါင်း တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်း ၇၀၀၃ ဒသမ ၅၉၆ ဧက (၂၈၃၄ ဒသမ ၃၂ ဟက်တာ) ဖျက်ဆီးခဲ့သည်။ (သတင်းစဉ်)

တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို သွေးလှူဒါန်း

ရန်ကုန် မတ် ၁၉

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံသို့ ရွှေတိဂုံစေတီတော်ဘာသာရေးအကျိုးတော်ဆောင်များ ဦးဆောင်၍ မတည်အလှူရှင် ရွှေတိဂုံစေတီတော် ဓမ္မဂုဏ်ရောင် ဗုဒ္ဓဝေယျာဝစ္စအသင်းနှင့် ဧရာဝတီတိုင်း မအူပင်မြို့နယ် မိဘဂုဏ်ရည် သွေးလှူရှင်အဖွဲ့တို့မှ အင်အား ၆၀တို့သည် ယနေ့နံနက် ၉နာရီတွင် တပ်မတော်ဆေးရုံကြီး သွေးလှူဘဏ်သို့ လာရောက်၍ စုပေါင်းသွေးလှူဒါန်းကြသည်။

ရှေးဦးစွာ မိဘဂုဏ်ရည်သွေးလှူရှင်အဖွဲ့မှ ရွှေတိဂုံစေတီတော်ဘာသာရေးအကျိုးဆောင် ဒေါ်စောရင်က သွေးလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တပ်မတော်ဆေးရုံကြီး ကုသမှုအကူဌာနကြီးမှူး ဗိုလ်မှူးကြီးမျိုးညွန့်က ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ သွေးလှူဒါန်းခြင်းသည် မိဘဂုဏ်ရည်သွေးလှူရှင်အဖွဲ့၏ (၂၀၁)ကြိမ်မြောက် လှူဒါန်းခြင်းဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၃-၂၀၀၄ (စနေနေ့)

၁၃၆၅ခုနှစ်၊ တပေါင်းလကွယ် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ စားကြမယ်ဟော့ကောင်းကောင်း
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Happy And Educational. English Summer Course MRTV.(Junior Class-I)
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
  - (၅၃)နှစ်မြောက်တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းမှကောက်နုတ်ချက်
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၀ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁:၁၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ(အပိုင်း-၂၅)**
- ၁:၅၀ ၇။ တစ်နေ့တန်(၂၀၀) ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)
- ၂:၀၀ ၈။ **ခံစားရင်းစံစားပါ (ကျော်ရဲအောင်၊ပန်းဖြူ၊ကုသိုလ်) (ဒါရိုက်တာ-မြင့်မိုရ်ဆွေ)**
- ၂:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂:၄၅ ၁၀။ International News.
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
  - (၅၃)နှစ်မြောက်တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းမှကောက်နုတ်ချက်
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use.
- ၄:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ ခုနှစ်)
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
  - ပထမနှစ် (သတ္တဗေဒ၊ရုက္ခဗေဒအထူးပြုများ) (ရုက္ခဗေဒ)
- ၅:၁၅ ၆။ တေးဂီတအစီအစဉ်
- ၅:၃၀ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၅:၅၅ ၈။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၁၀ ၉။ စားကြမယ်ဟော့ကောင်းကောင်း
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ Discovery
- ၇:၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း-၂၈)**
- ၇:၄၅ ၁၄။ (၅၃)နှစ်မြောက်တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းမှကောက်နုတ်ချက်
  - **"ပြည်သူ့အတွက်တပ်မတော်"**
  - **"ပြည့်အကျိုးလုပ်ငန်း သယ်ပိုးရန်မှာတို့ဝန်တာ" (သားငါး၊သတ္တုနှင့်သစ်တော)**
  - **ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်**
  - **သူရကန်အရောင် မိုတ်သော်လည်း(မေလှမြိုင်)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **မြန်မာ့ရုပ်မြင်သံကြားဇာတ်လမ်း နွေးထွေးစွာကြိုဆိုခြင်း (သျှားညို၊မင်းသူ၊ဇာနည်၊ မြသဉ္စာလီ၊ခိုင်နှင်းဆေ၊ဆုပန်ထွာ) (ဒါရိုက်တာ-သက်တင်)**
- ၁၉။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

အာစင်နယ်ရှေ့မှ ဦးဆောင်ထားဆဲ ချယ်လ်ဆီး၊ မန်ယူ စိတ်ကြိုက်ကစားကြမည်

ပရီမီယာလိဂ်ပွဲစဉ် (၂၉)

အားကစားသတင်းဆောက်တစ်ဦး

ဒုတိယအကျော့

ပွဲစဉ် (၂၈)သည် ထူးဆန်းသည်။ သရေပွဲ တစ်ပွဲမှ မဖြစ်ဘဲ အနိုင်အရှုံးသာရှိခဲ့သည်။ အနိုင်အရှုံး ဖြစ်သော်လည်း ဇယားအဆင့်မှာ အပြောင်းအလဲသိပ်မရှိဘဲ ဖြစ်ခဲ့သည်။ ပို၍ထူးဆန်းသောအချက်မှာ မန်ယူက မန်စီးတီးကို ရှုံးခြင်း၊ ဘာမင်ဂမ်က လက်စတာကို ရှုံးခြင်းတို့ဖြစ်သည်။

ချာလ်တန်က ဘိုရီကိုနိုင်လိုက်သောကြောင့် အဆင့်(၄)သို့ ခုန်တက်လာသည်။ ချယ်လ်ဆီးကို ဘော်လ်တန်ရှုံးသောကြောင့် အဆင့်(၁၃)သို့ ဆင်းသွားသည်။ လီဗာပူးနှင့် ဗီလာအထက်အောက် ပြောင်းကြသည်။ လက်စတာတန်းဆင်းဇုန်ထဲမှ ခုန်တက်လာပြီး၊ ပို့စ်မောက်အောက်တန်းဆင်းရန် တာစူသည်။

အခြားသောအသင်းများသည် ထူးထူးခြားခြား သိသိသာသာပြောင်းလဲသွားသည်ကို မတွေ့ရ။ ပွဲစဉ် (၂၉)ကို မတ် ၂၀၊ ၂၁၊ ၂၂ ရက်များတွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မတ် (၂၀)ရက်

စနေနေ့

အာစင်နယ်–ဘော်လ်တန်

အဆင့်(၁) အာဆင်နယ်နှင့် အဆင့်(၁၃) ဘော်လ်တန်တို့ ကစားကြမည်။ ရမှတ်များမှာ အာစင်နယ် (၇၀)မှတ်၊ ဘော်လ်တန် (၃၄)မှတ်ဖြစ်သည်။

ဘလက်ဘန်းနှင့်ပွဲ၌ အာစင်နယ် စိတ်ကြိုက်လုပ်ကစားသွားသည်။ သို့သော် ပွဲစစချင်း အာစင်နယ်ခြေမကောင်းပါ။ ပထမပိုင်း ပြီးခါနီးလောက်မှ ကစားပုံကောင်းလာသည်။ ဒုတိယပိုင်းမှ အာဆင်နယ် ဟုတ်တိပတ်တိကစားခဲ့သည်။ ချယ်လ်ဆီးနှင့်ပွဲတွင်လည်း ဘော်လ်တန်၏ ပထမပိုင်းကစားပုံကောင်းသည်။ ၎င်းခြေမျိုးဖြင့် ကစားမည်ဆိုလျှင် အာစင်နယ်ကို နင်လားငါလား ခံကစားသွားနိုင်သည်။ နှစ်သင်းခြေရည်ယှဉ်လျှင် အာစင်နယ်က ကောင်းပြီးသာသည်။

အာစင်နယ်ကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက သရေကျမည်ဟု ခန့်မှန်းကြသည်။ သရေကျခဲ့သည်။ မနှစ်က ချန်ပီယံဆုနှင့် လွဲခဲ့သော သရေပွဲများတွင် ဘော်လ်တန်နှင့် ပွဲလည်းပါသည်။ ထိုစဉ်က နှစ်ဂိုးစီ သရေကျကြသည်။ အဝေးကွင်းဆိုလျှင် ဘော်လ်တန် ခံကန်တတ်သည်။ ထို့ကြောင့် ယခုပွဲကိုလည်း သရေလောက်မှန်းမိသည်။ သို့သော် အိမ်ရှင်ဆိုသောစိတ်ဖြင့် အာစင်နယ်နိုင်ဖို့ရှိသည်။ အာစင်နယ်နိုင်လျှင် ကပ်နိုင်ဖွယ်သာရှိသည်။ နှစ်သင်းပေးဂိုး၊ သွင်းဂိုး ကွာဟချက်ကိုကြည့်လျှင် အာစင်နယ်(+၃၇)၊ ဘော်လ်တန် (–၁၂) ဖြစ်သည်။ နောက်တစ်ချက်က ပွဲစဉ် (၃၀)မှာ အာစင်နယ်က မန်ယူနှင့် ကစားရမည်။ ဘော်လ်တန်က နယူးကာဆယ်နှင့် ကစားရလိမ့်မည်။

အက်စတွန်ဗီလာ–ဘလက်ဘန်း

အဆင့် (၇) ဗီလာနှင့် အဆင့် (၁၆) ဘလက်ဘန်းတို့ ကစားကြမည်။ ရမှတ်များမှာ ဗီလာ ၄၀ မှတ်၊ ဘလက်ဘန်း ၂၈ မှတ် ဖြစ်သည်။

ဗီလာကစားပုံ ဝုလ်ဖ်နှင့်ပွဲ၌ကောင်းသည်။ ပထမပိုင်းတစ်ပိုင်းလုံး ဝုလ်ဖ်ကို အပေါ်မှဖိကစားသွားသည်။ သို့သော် နောက်ပိုင်းတွင် ကစားပုံရော၊ ကစားအားပါ လျော့ချပစ်လိုက်သည်။ ဘလက်ဘန်းကလည်း အာဆင်နယ်ကို ခြေရည်တူအောင် လိုက်ကစားသွားသည်။ ကစားပုံသင့်သည်။ နောက်ဆုံးကစားခဲ့သော ပွဲခြေများအရ ဗီလာက အနည်းငယ် ကောင်းသည်။ အကယ်၍ ဘလက်ဘန်းတင်ကစားမည်ဆိုလျှင် ပွဲကကြည့်၍ကောင်းမည်။ အဆင့်ကွာသော်လည်း ခြေရည်ညီကြသည်။

ဗီလာကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက ဘလက်ဘန်းအနိုင်ရမည်ဟု တွက်ကြသည်။ သို့သော် ဗီလာကနှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်သည်။ ဗီလာ၏အိမ်ကွင်းကစားပုံ မာသည်။ ယခုပွဲတွင် သရေ၊ အနိုင် ဗီလာကစားနိုင်သည်။ နှစ်သင်း ပေးဂိုးသွင်းဂိုးကွာဟချက်မှာ ဗီလာ (+၄)၊ ဘလက်ဘန်း (–၇) ဖြစ်သည်။ ထို့အပြင် ပွဲစဉ် (၃၀)တွင် ဗီလာချာလ်တန်နှင့် ကစားရမည်။ ဘလက်ဘန်းက ပို့စ်မောက်နှင့် ကစားရလိမ့်မည်။

လက်စတာ–အဲဗာတန်

အဆင့်(၁၇) လက်စတာနှင့် အဆင့်(၁၄) အဲဗာတန်တို့ ကစားကြမည်။ ရမှတ်များမှာ လက်စတာ ၂၆ မှတ်၊ အဲဗာတန် ၃၂ မှတ် ဖြစ်သည်။

ဘာမင်ဂမ်နှင့်ပွဲ၌ လက်စတာအောက်မှ လိုက်ကစားရသော်လည်း ကစားပုံသင့်သည်။ ပထမပိုင်းတွင် လက်စတာ၏ အပြန်အလှန် ကစားပုံကောင်းသည်။ ဘာမင်ဂမ်ဘက်ကိုပင် ထိုးဖောက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဒုတိယပိုင်းပြီးခါနီးပိတ်ဆို့ ကစားပုံလည်းကောင်းသည်။ အဲဗာတန်ကလည်း ပို့စ်မောက်ပွဲတွင် ကောင်းသည်။ သို့သော် ပထမပိုင်းကစားပုံမှာ ဟာနေသည်။ ၎င်းပွဲများ အနေအထားအရ နှစ်သင်း ခြေရည်ညီကြသည်။ ပင်ကို ခြေအရည်အသွေးက အဲဗာတန် ပိုကောင်းသည်။

လက်စတာကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက အဲဗာတန်ကို အနိုင်တွက်ထားကြသည်။ မှန်းသည့်အတိုင်း အဲဗာတန်က သုံး–နှစ်ဖြင့်နိုင်သည်။ အဲဗာတန်က အဝေးကွင်းညံ့တတ်သည်။ ယခုပွဲတွင် သရေဖြစ်နိုင်သည်။ ပွဲစဉ် (၃၀)တွင် လက်စတာက လီဗာပူးနှင့်ကစားရမည်။ အဲဗာတန်က မစ်ဒယ်ဘရောနှင့် ကစားရမည်။ အကယ်၍ အိမ်ရှင် လက်စတာနိုင်သည်ဖြစ်စေ၊ အဲဗာတန်နိုင်သည်ဖြစ်စေ ပွတ်ခါသီကာပင် ရှိလိမ့်မည်။ နှစ်သင်းပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ လက်စတာ (–၁၄)၊ အဲဗာတန် (–၅) ဖြစ်သည်။

လီဗာပူး–ဝုလ်ဖ်ဗာဟမ်တန်

အဆင့် (၈) လီဗာပူးနှင့် အဆင့် (၁၈) ဝုလ်ဖ်တို့ ကစားကြမည်။ ရမှတ်များမှာ လီဗာပူး ၃၉ မှတ်၊ ဝုလ်ဖ် ၂၄ မှတ်ဖြစ်သည်။

စိန့်ကိုရှုံးသောပွဲ၌ လီဗာပူးခြေသာပြီး ကောင်းသည်။ ရှေ့တန်းဂိုးသွင်းချက်များ ညံ့သည်။ ကစားပုံ အချိတ်အဆက် ကောင်းသည်။ ဝုလ်ဖ်ကလည်း အဲဗာတန်နှင့်ပွဲ၌ ညံ့သည်။ အောက်မှလိုက်ကစားရသည်။ အပေးအယူ အချိတ်အဆက်ပျက်နေသည်။ အရှုံးနှစ်သင်း တွေ့ဆုံကြမှာဖြစ်သော်လည်း လီဗာပူးကစားပုံက ဝုလ်ဖ်ထက်ပိုကောင်းသည်။ ခြေအရကြည့်လျှင်လည်း လီဗာပူး ပိုကောင်းသည်။

လီဗာပူးကွင်းမှာ ကစားရမည်။ ပထမအကျော့၌ လီဗာပူးကပ်နိုင်မည်ဟု မှန်းကြသည်။ တစ်ဂိုးစီသရေကျသည်။ ယခုပွဲတွင် သရေနှင့် လက်စတာ အနိုင်ရနိုင်ချေရှိသည်။ လီဗာပူးက ပွဲတစ်ပွဲလျှော့ကစားထားသည်။ နောက်တစ်ချက်မှာ ပွဲစဉ်(၃၀)တွင် လီဗာပူးက လက်စတာနှင့် ကစားရမည်။ ဝုလ်ဖ်က ချယ်လ်ဆီးနှင့် ကစားရလိမ့်မည်ဖြစ်သည်။ ဝုလ်ဖ်နိုင်ခဲ့မည်ဆိုလျှင် ပွတ်ခါသီကာဖြစ်မည်။ နှစ်သင်းပေးဂိုး၊ သွင်းဂိုးကွာဟချက်မှာ လီဗာပူး(+၇)၊ ဝုလ်ဖ်(–၃၂)ဖြစ်သည်။

နယူးကာဆယ်–ချာလ်တန်

အဆင့်(၅)နယူးကာဆယ်နှင့် အဆင့်(၄)ချာလ်တန်တို့ ကစားကြမည်။ ရမှတ်များမှာ နယူးကာဆယ် ၄၂ မှတ်၊ ချာလ်တန် ၄၃ မှတ်ဖြစ်သည်။

စပါး(စ်)နှင့်ပွဲ၌ နယူးကာဆယ် သင့်ရုံပဲကစားသွားသည်။ အထက်စီးမှ ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ မစ်ဒယ်ဘရောနှင့်ပွဲ၌ အနိုင်ကစားသွားပုံ ချာလ်တန်ကောင်းသည်။ သို့သော် ချာလ်တန်ကစားပုံ အနိမ့်အမြင့် ဖြစ်နေသည်။ နောက်ဆုံးပွဲ ခြေရည်များကို ယှဉ်ကြည့်လျှင် အတူတူလောက်ပဲရှိသည်။ အကြိတ်အနယ် နှစ်သင်းကစားကြလျှင် ပွဲကောင်းဖြစ်နိုင်သည်။

နယူးကာဆယ်ကွင်းမှာ ကစားရမည်။ ကွင်းရွေးသော အသင်းများမဟုတ်ချေ။ ပထမပွဲတုန်းက သရေကျ နိုင်သည်ဟု ခန့်မှန်းကြသည်။ ဂိုးမရှိ သရေကျသည်။ ယခုပွဲတွင်လည်း သရေထပ်ဖြစ်နိုင်သည်။ ပွဲစဉ်(၃၀)မှာ နယူးကာဆယ်က ဘော်လ်တန်နှင့်ကစားရမည်။ ချာလ်တန်က ဗီလာနှင့်ကစားရလိမ့်မည်။ အကယ်၍ အိမ်ရှင် အားသာချက်ဖြင့် နယူးကာဆယ်နိုင်ခဲ့လျှင် ကပ်နိုင်စရာပဲရှိသည်။ နှစ်သင်းပေးဂိုး၊ သွင်းဂိုးကွာဟချက်မှာ နယူးကာဆယ် (+၉)၊ ချာလ်တန်(+၅) ဖြစ်သည်။

မစ်ဒယ်ဘရော–ဘာမင်ဂမ်

အဆင့်(၁၂)ဘိုရီနှင့် အဆင့်(၆)ဘာမင်ဂမ်တို့ ကစားကြမည်။ ရမှတ်များမှာ ဘိုရီ ၃၄ မှတ်၊ ဘာမင်ဂမ် ၄၂ မှတ်ဖြစ်သည်။

ချာလ်တန်နှင့်ပွဲ၌ ဘိုရီရှုံးသော်လည်း ကစားပုံကောင်းသည်။ အိမ်ရှင်အသင်းကိုပင် ဖိကစားနိုင်ခဲ့သည်။ နောက်ပိုင်းကျမှ ကစားကွက်ရော၊ ကစားပုံပါ ပျက်သွားသည်။ လက်စတာနှင့်ပွဲ၌ ဘာမင်ဂမ်ကစားပုံအားမရ။ မထိခလုတ်ထိခလုတ်ကစားသွားသည်။ နောက်ပိုင်း တွန်းကစားသော ခြေရည်ကောင်းသည်။ နောက်ဆုံးပွဲများ၌ နှစ်သင်းစလုံး ရှုံးသည်။ ခြေရည်နှစ်သင်း အတူတူလောက်ပဲရှိသည်။ ပကတိခြေရည်ကိုယှဉ်လျှင် ဘာမင်ဂမ်က ပိုကောင်းသည်။

ဘိုရီကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက သရေကျမည်မှန်းကြသည်။ သို့သော် ဘာမင်ဂမ်က သုံး–တစ်ဖြင့် နိုင်သည်။ ယခုပွဲတွင် သရေနှင့်အနိုင် ဘိုရီရနိုင်သည်။ အကယ်၍ ဘိုရီနိုင်မည်ဆိုလျှင် ပွတ်ခါသီကာပင် ဖြစ်လိမ့်မည်။ နှစ်သင်းပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ ဘိုရီ(–၂)၊ ဘာမင်ဂမ်က ကွာခြားချက်မရှိ။ ပွဲစဉ်(၃၀)၌ ဘိုရီက အဲဗာတန်နှင့်ကစားရမည်။ ဘာမင်ဂမ်က လိဒ်စ်နှင့်ကစားရလိမ့်မည်။

မန်ယူ–စပါး(စ်)

အဆင့်(၃)မန်ယူနှင့် အဆင့်(၁၀) စပါး(စ်)တို့ ကစားကြမည်။ ရမှတ်များမှာ မန်ယူ ၅၈ မှတ်၊ စပါး(စ်) ၃၇ မှတ်ဖြစ်သည်။

မန်စီးတီးပွဲ၌ မန်ယူကစားပုံညံ့သည်။ နောက်တန်းပေါက်လွန်းသည်။ ရှေ့ကလည်း ဂိုးပေါက်ပျောက်နေသည်။ ကစားကွက် တည်မရအောင် ဖြစ်ခဲ့သည်။ နယူးကာဆယ်ပွဲတွင် စပါး(စ်)ကစားပုံ သင့်ရုံပဲရှိသည်။ နယူးကာဆယ်ပေါ့ပျက်၍ နိုင်ခြင်းဖြစ်သည်။ နောက်ဆုံးပွဲ ခြေရည်နှိုင်းယှဉ်ကြည့်လျှင် အတူတူလောက်သာရှိသည်။ သို့သော် အနေအထားအားလုံး ခြုံကြည့်လျှင် မန်ယူက ခြေသာသည်။ ကစားကွက်လည်း သာသည်။

မန်ယူကွင်းမှာကစားရမည်။ ပထမပွဲတုန်းက မန်ယူကို အနိုင်ပေးကြသည်။ မန်ယူက နှစ်–တစ်ပဲ ကစားသွားသည်။ ယခုပွဲတွင် စပါး(စ်) နိုင်ချေရှိသည်ဟု မှန်းကြမည်။ စပါး(စ်)က ခြေတက်လာသလောက် မန်ယူက ပျက်နေသောကြောင့်ဖြစ်သည်။ သို့သော် မန်ယူ အနိုင်ရအောင် ကစားလိမ့်မည်ဖြစ်သည်။ ရှေ့ပွဲတွင် မန်ယူက အာစင်နယ်နှင့် ကစားရမည်။ စပါး(စ်)က စိန့်နှင့်ကစားရမည်။ နှစ်သင်း ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ မန်ယူ (+၂၃)၊ စပါး(စ်)(–၃)ဖြစ်သည်။ ၎င်းအနေအထားအရ မန်ယူက ဂိုးနည်းနည်း ပိုရအောင် ကစားဖွယ်ရှိသည်။

ချယ်လ်ဆီး–ဖူလ်ဟမ်း

အဆင့်(၂) ချယ်လ်ဆီးနှင့် အဆင့်(၉) ဖူလ်ဟမ်းတို့ ကစားကြမည်။ ရမှတ်များမှာ ချယ်လ်ဆီး (၆၁)မှတ်၊ ဖူလ်ဟမ်း (၃၉)မှတ်ဖြစ်သည်။

ဘော်လ်တန်နှင့်ပွဲတွင် ချယ်လ်ဆီး ပထမပိုင်း ကစားပုံညံ့သည်။ ကစားကွက်ပျောက်နေသည်။ အချိတ်အဆက်လွဲနေသည်။ ဒုတိယပိုင်းမှ အချိတ်အဆက်မိမိဖြင့် ကစားလာနိုင်သည်။ ဖူလ်ဟမ်ကလည်း ပထမပိုင်းတွင် ဂိုးပေါက်ပျောက်နေသည်။ လိဒ်စ်နောက်တန်းကို မကျော်နိုင်ဘဲဖြစ်ရသည်။ အလယ်တန်းမှာ အဆက်ပြတ်နေသည်။ ဒုတိယပိုင်းမှ တင်ကစားလာ၍ ကစားပုံကောင်းသည်။ ၎င်းပွဲများအရ နှစ်သင်းခြေညီကြသည်။ သို့သော် ပကတိခြေရည်ယှဉ်လျှင် ချယ်လ်ဆီးက ပိုကောင်းသည်။

ချယ်လ်ဆီးကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက သရေကျမည်ဟုတွက်ကြသည်။ ချယ်လ်ဆီးကတစ်ဂိုး–ဂိုးမရှိဖြင့် ထစ်ကစား သွားသည်။ ဖူလ်ဟမ်းက အဝေးကွင်း ကစားပုံညံ့သောကြောင့် ယခုပွဲ သရေလောက်ပဲဖြစ်နိုင်သည်။ ချယ်လ်ဆီးက ပွဲစဉ်(၃၀)၌ ဝုလ်ဖ်နှင့် ကစားရမည်။ ဖူလ်ဟမ်းက မန်စီးတီးနှင့် နွှဲရမည်။ အကယ်၍ တစ်သင်းသင်း နိုင်ခဲ့မည်ဆိုလျှင် နှစ်သင်း၊ ပေးဂိုး သွင်းဂိုး ကွာဟချက်က အဓိက ဖြစ်လာ နိုင်သည်။ ချယ်လ်ဆီး (+၂၉)၊ ဖူလ်ဟမ်း (+၃)ဖြစ်သည်။

မတ်လ(၂၁)ရက်

တနင်္ဂနွေနေ့

ပို့စ်မောက်–ဆောက်သမ်တန်

အဆင့်(၁၉)ပို့စ်မောက်နှင့် အဆင့်(၁၁)စိန့်တို့ ကစားကြမည်။ ရမှတ်များမှာ ပို့စ်မောက် (၂၄)မှတ်၊ စိန့် (၃၆)မှတ်ဖြစ်သည်။

ပို့စ်မောက် ခြေစွမ်းပျောက်နေသည်။ အဲဗာတန်နှင့်ပွဲ၌ ကစားပုံမကောင်း။ လီဗာပူးနှင့်ကစားသော စိန့်ခြေရည်နှင့်ယှဉ်လိုက်လျှင် ပို့စ်မောက်ညံ့နေသည်။ စိန့်ကလည်း လီဗာပူးပွဲတွင် ခြေရည်ပြည့်မရ။ လီဗာပူးအောက်မှ လိုက်ကစားရသည်။ နောက်ဆုံးပွဲခြေရည်များအရ စိန့်က သာသည်။

ပို့စ်မောက်ကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက စိန့်နိုင်မည်မှန်းကြသည်။ မှန်းသည့်အတိုင်း သုံးဂိုး–ဂိုးမရှိဖြင့် စိန့်နိုင်သည်။ ယခုပွဲတွင် စိန့်နိုင်ပွဲထပ်ရနိုင်သည်။ သို့သော် စိန့်က အဝေးကွင်းညံ့သည်။ ပို့စ်မောက် အနေဖြင့် အောက်ထစ်သရေရနိုင်သည်။ နှစ်သင်းပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ ပို့စ်မောက်(–၁၂)၊ စိန့်(+၂) ဖြစ်သည်။ ပွဲစဉ် (၃၀)၌ ပို့စ်မောက်က ဘလက်ဘန်းနှင့် ကစားရမည်။ စိန့်က စပါး(စ်)နှင့် ကစားရလိမ့်မည်။

မတ် (၂၂)ရက်

တနင်္လာနေ့

လိဒ်စ်–မန်စီးတီး

အဆင့်(၂၀) လိဒ်စ်နှင့် အဆင့်(၁၅) မန်စီးတီးတို့ ကစားကြမည်။ ရမှတ်များမှာ လိဒ်စ် (၂၂)မှတ်၊ မန်စီးတီး (၃၀)မှတ် ဖြစ်သည်။

ဖူလ်ဟမ်းနှင့်ပွဲ၌ လိဒ်စ်ခြေယိုင်သွားသည်။ ပထမပိုင်း ကစားပုံကောင်းသလောက် ဒုတိယပိုင်းကျသွားသည်။ ကစားကွက်လည်း ပျက်သွားသည်။ မန်ယူနှင့်ပွဲ၌ မန်စီးတီးကောင်းသည်။ အလယ်တန်းနှင့် ရှေ့တန်းတို့ တွဲကစားပုံကောင်းလွန်းသည်။ နောက်ဆုံးပွဲများအရ မန်စီးတီးသာသည်။ အမှန်တကယ်တွင် နှစ်သင်း ခြေရည်အတူတူလောက်ပင်ရှိကြသည်။

လိဒ်စ်ကွင်းမှာ ကစားရမည်။ ပထမအကျော့၌ မန်စီးတီးနိုင်မည်ဟု တွက်ကြသည်။ သို့သော် တစ်ဂိုးစီဖြင့် သရေကျသည်။ ပထမ အကျော့ မကစားခင် လိဒ်စ်က ဖူလ်ဟမ်းကိုနိုင်ပြီး မန်စီးတီးက မန်ယူကို ရှုံးခဲ့သည်။ ယခုအနေအထားမှာ မန်စီးတီးက မန်ယူကို နိုင်ပြီး လိဒ်စ်က ဖူလ်ဟမ်းကို ပြန်ရှုံးခဲ့သည်။ အနေအထားက ပြောင်းပြန်ပြန်ဖြစ်သည်။ ထို့ကြောင့် ယခုပွဲတွင်လည်း သရေမှန်းသင့်သည်။ မည်သို့ပင်ဖြစ်စေ လိဒ်စ်က အိမ်ရှင်အားသာချက်ကြောင့် နိုင်ချေရှိသည်။ နှစ်သင်းပေးဂိုး၊ သွင်းဂိုးကွာဟချက်မှာ လိဒ်စ်(–၂၉)၊ မန်စီးတီးမှာ ကွာဟချက်မရှိ။ ပွဲစဉ်(၃၀)တွင် လိဒ်စ်က ဘာမင်ဂမ်နှင့် ကစားရမည်။ မန်စီးတီးက ဖူလ်ဟမ်းနှင့် ကစားရမည်။ ။

မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၄ ကျင်းပမည်

ရန်ကုန် မတ် ၁၉

နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်စွာ စနစ်တကျ ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများ၊ပြည်ပသွင်းကုန်အစားထိုး ကုန်ပစ္စည်းများ၊ ကုန်ပစ္စည်းအမယ်သစ် (အမည်သစ်)များ အများပြည်သူအတွင်း ကျယ်ပြန့်စွာ တိုက်ရိုက် ထိတွေ့လေ့လာနိုင်စေရန်နှင့်ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့နှစ်သစ်ကူးအကြို မြန်မာ့ ကုန်စည်ပြပွဲ–၂၀၀၄ "Myanma Trade Fair 2004" ကို ဧပြီ ၂ ရက်မှ ၅ရက်အထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ Quartz International Co., Ltd က ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင်ပြည်တွင်း၊ပြည်ပမှ အလှကုန်နှင့်လူသုံးကုန်ပစ္စည်း၊ အဝတ်အထည်နှင့်ဖက်ရှင်အသုံး အဆောင်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်နှင့်အီလက်ထရောနစ်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ စက္ကူ၊ စာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်း၊ အသေးစားစက်ပစ္စည်း နှင့်တပ်ဆင်ပစ္စည်း၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုးတို့ကို ပြခန်းအလှဆုံးပြင်ဆင်မှုရွေးချယ်ခြင်းနှင့် Star Entertainment Co., Ltd ၏ ကုန်ပစ္စည်း အရောင်းမြှင့်တင်ရေးကြော်ငြာသရုပ်ပြပွဲ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ရာ ဖုန်း–၅၇၃၁၄၈ သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

ဂုဏ်ပြုကျေးဇူးတင်လွှာ

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၁၉-၃-၂၀၀၄ရက်နေ့တွင် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အလှူငွေပေါင်း ၁၂၅၆၆၀၀၀ိ/-နှင့်၇၂၈၀၀၀ိ/-တန်ဖိုးရှိ ပစ္စည်းများ စုစုပေါင်းငွေသားနှင့် ပစ္စည်းတန်ဖိုး ၁၉၈၄၆၀၀၀ိ/-ကို လှူဒါန်းခဲ့ကြသည့် အတွက် အောက်ဖော်ပြပါအလှူရှင်များအား အထူးကျေးဇူးတင်စွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်-

- ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန	၁၀၀၀၀၀၀ိ/-
- ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန	၃၀၀၀၀၀ိ/-
- ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ဒေါ်တင်ဌေးလှိုင်၊ သားဗိုလ်ကြီး နိုင်စိုးဝင်း၊ ဗိုလ်လောင်း ချမ်းငြိမ်းကျော်	၁၀၀၀၀၀ိ/-
- မြန်မာAnanda Co.,Ltd ၊ ဦးရန်ကိစ္စန်းက ကျပ်သိန်း၅၀တန်ဖိုးရှိ စတီးဇလုံ၅၀၀၀၀	၅၀၀၀၀၀၀ိ/-
- ဖားကန့်ဒေသကျောက်မျက်ကုမ္ပဏီ(၃၂)ခု	၁၅၀၀၀၀၀ိ/-
- ရန်ကုန်မြို့၊ ကျားပျံမကောက်ဆေးလိပ်ခုံပိုင်ရှင် ဦးစိန်တင်-ဒေါ်တင်တင်ဝင်းမိသားစုက ငွေကျပ်ငါးသိန်းနှင့် ၅၄၀၀၀ိ/- တန်ဖိုးရှိ ကျားပျံမကောက်နှင့် ကျောက်စိမ်းတောင်ဆေးပေါ့လိပ် (၁၂၀၀၀)	၁၀၄၀၀၀ိ/-
- Sweety Home Industry Co.,Ltd	၁၀၀၀၀၀ိ/-
- ဦးရင်ဟိုင်း၊ ဟိုင်းဂျဲမ်းကုမ္ပဏီလီမိတက်	၁၀၀၀၀၀ိ/-
- မြန်မာရွှေရင်း၊ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ငွေကျပ် ၆၈၀၀၀ိ/-တန်ဖိုးရှိ (အမ်ဒီ-၈)အမျိုးအစား လက်ကိုင်ခန္ဓာကိုယ်ရှာဖွေရေးကိရိယာ(၄)ခုံ	၆၈၀၀၀ိ/-
- ဦးစိုးသိန်း၊ ဒေါ်ခင်ချိုအုန်း(ခနအောင်ဂရုပရိုဒတ်ရှင်း ကုမ္ပဏီလီမိတက်	၅၀၀၀၀ိ/-
- ဦးဝင်းနိုင်၊ ရွှေဟိန်းထက်ကုမ္ပဏီလီမိတက်	၅၀၀၀၀ိ/-
- ဦးအောင်မြင့်၊ လပ်ကီးစတားကုမ္ပဏီလီမိတက်	၅၀၀၀၀ိ/-
- ဦးနေဝင်းထွန်း၊ ကျောက်စိမ်းနဂါးကုမ္ပဏီလီမိတက်	၅၀၀၀၀ိ/-
- ဒေါက်တာထွန်းကြည်၊ အဲဗားဝင်းနားကုမ္ပဏီလီမိတက်	၅၀၀၀၀ိ/-
- ဦးအိုက်လင်း(ဂရိတ်နိုင်းကျောက်မျက်ရတနာကုမ္ပဏီလီမိတက်)	၅၄၀၀၀ိ/-
- ချန်လုံကုမ္ပဏီ	၄၀၀၀၀ိ/-
- ဟုန်ပန်းကုမ္ပဏီ	၃၀၀၀၀ိ/-
- ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းနှင့် စင်ကာပူရွှေဘုရားကျောင်းဒါယကာ မိသားစု	၃၀၀၀၀ိ/-
- ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မြန်မာအင်ပီးရီးရယ်ဂျိတ် ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်နှင့် အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ရှယ်ဖင်မလိကုမ္ပဏီ/ဂျိန်းဖောတောင်ကုမ္ပဏီ ရွှေသံလွင်ကုမ္ပဏီ/ချီးဗာစ်ကုမ္ပဏီ	၃၅၀၀၀ိ/-
- ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မြန်မာရူပီအင်တာပရိုက် ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်	၃၀၀၀၀ိ/-
- ဒေါ်အေးမြနွယ်၊ ပုဂံဟိုတယ်	၃၀၀၀၀ိ/-
- လယ်သမားကြီး ဖိုးရာဇာကုမ္ပဏီ၊ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်တင်	၅၀၀၀၀ိ/-
- ဦးအောင်မွန်-ဒေါ်လှလှမော်၊ မြင့်မြတ်ဆန်စပါးစိုက်ပျိုး ထုတ်လုပ်ရေးက ၄၅၀၀၀ိ/တန်ဖိုးရှိဆန်အိတ်(၅၀)	၄၅၀၀၀ိ/-
- မြန်မာမေဖလားဝါးဘဏ်	၂၀၀၀၀ိ/-
- ရိုးမဘဏ်လီမိတက်	၁၀၀၀၀ိ/-
- မြန်မာအရှေ့တိုင်းဘဏ်လီမိတက်	၁၀၀၀၀ိ/-
- ဦးဆွေသန်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကြက်/ဘဲဈေးသူ၊ ဈေးသားများ	၂၀၀၀၀ိ/-
- မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ် (ဘဲဥ/ကြက်ဥဒိုင်များက ၁၈၀၀၀ိ/- တန်ဖိုးရှိ ကြက်ဥအလုံး(၆၀၀၀)	၁၈၀၀၀ိ/
- ဦးဖြေ၊ ဒေဝယက္ခဆေးတိုက်က ကျပ်နှစ်သိန်းတန်ဖိုးရှိ ဒေဝယက္ခမန်းဆေးထုပ်(၅၀၀၀)	၂၀၀၀၀ိ/-
- ဒါရိုက်တာဇွန်မောင်မောင်(ကုန်စည်ပစ္စည်းဈေးရောင်းပွဲတော်လုပ်ငန်း)၊ ဆရာကြီး ဦးဝင်းမောင်-ဒေါ်ရင်ရင်မြင့်၊ သား မောင်ဖွဲ့ဉာဏ်ရဲလင်း၊ အောင်တမန်ဆေးတိုက်မိသားစုက (၁၂၀၀၀ိ/-)တန်ဖိုးရှိ အောင်တမန်ကွမ်းရွက်အခိုးပွင့်နတ်သုဒ္ဓါအပူငြိမ်းအားဆေးထုပ်(၁၂၀၀)	၁၂၀၀၀ိ/-
- ကဏန်းလုပ်ငန်းထိန်းသိမ်းရေးနှင့် ကြီးကြပ်မှုကော်မတီ (ဆိပ်ကမ်းမြို့နယ်)	၁၀၀၀၀ိ/-
- ကဏန်းလုပ်ငန်းရှင်များအသင်း	၁၀၀၀၀ိ/-
- မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်	၁၀၁၀၀ိ/-
- ဘန်ဂါလီစွန္နီဂျာမေပလီ၊ အုပ်ချုပ်ရေးအဖွဲ့	၁၀၀၀၀ိ/-
- ဦးရွှေလှ(Nice construction Group Co.,Ltd)	၁၀၀၀၀ိ/-
- ဦးနန်းဦး (Golden Key) ဖျော်ရည်စုံလုပ်ငန်း	၁၀၀၀၀ိ/-
- ဦးအဏ္ဏဝါ (Trade Park Co.,Ltd)	၁၀၀၀၀ိ/-
- ဆရာကြီးကုမ္ပဏီ ဦးရန်နိုင်-ဒေါ်ရီရီသိန်း	၁၀၀၀၀ိ/-
- ဦးသန်းမောင်-ဒေါ်ငွေကြည်၊ ချမ်းမြေ့စတိုး၊ မေဓာဝီလမ်း မြောက်ဥက္ကလာပက ၉၀၀၀ိ/- တန်ဖိုးရှိ ဆန်အိတ်(၁၀)အိတ်	၉၀၀၀ိ/-
- ဦးအောင်သီဟ၊ ရတနာဒီပအပြည်ပြည်ဆိုင်ရာဝန်ဆောင်မှု ကုမ္ပဏီလီမိတက်	၅၀၀၀ိ/-
- ဦးခင်အောင်-ဒေါ်ခင်မြင့်သူ၊ သားမောင်ရန်အောင် မြို့တွင်းခရီးသည်ပို့ဆောင်ရေး	၅၀၀၀ိ/-
- ဦးဝင်းမြင့်(ငြိမ်း)၊ ဒု-ကြီးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းက ၅၀၀ိ/-ကျပ်နှင့်အရိပ်ရပျိုးပင်(၅၀)	၅၀၀ိ/-
- ဦးရှန်လွန်း၊အင်းလေးကျေးရွာ၊မိုးညှင်းမြို့နယ်၊ကချင်ပြည်နယ်က ပင်စင်ချွေးနဲ့စာမှ လှူဒါန်းငွေ	၁၀၀၀ိ/-
- ဦးနီလေးနှင့်သားများ၊ ရေယာဉ်ပိုင်ရှင်၊ ပုသိမ်မြို့	၅၀၀၀ိ/-
- ဗိုလ်မှူးမျိုးသန့်(ငြိမ်း)(စာရေးဆရာမောင်မိုးယံ) ကိုယ်တိုင်ရေးသားသည့်ဝတ္ထုတိုပေါင်းချုပ်စာအုပ်(၅၀)	၂၀၀၀ိ/-
- ကိုလှဝင်း-မလှဲလှဲဝင်း၊ ဆန်းသစ်ဝင်းသဘောဆေးရောင်းဝယ်ရေး	၁၀၀၀ိ/-
- ဦးအောင်ရွှေစော-ဒေါ်နွဲ့နွဲ့ဝင်း၊ သားဟိန်းနိုင်အောင် သံကုန်မာဆိုင်၊ မရမ်းကုန်း	၁၀၀၀၀ိ/-

(၅၉)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ

အစားအသောက်များ ကျန်းမာရေးနှင့်ညီညွတ်ရေး မြိတ်မြို့တွင်စစ်ဆေး

ရန်ကုန် မတ် ၁၉

ကျန်းမာရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်အရ ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ရီရီထွေး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်သက်သက်မာ၊ အစားအသောက် ကြီးကြပ်သူ ဒေါက်တာ ဒေါ်ဥမ္မာစိုးဝင်းတို့အဖွဲ့သည် မတ်၁၁ရက်နှင့် ၁၂ရက်တို့တွင် မြိတ်ဆေးရုံသစ်ကြီး၌ မြိတ်ခရိုင်တွင်းရှိ မြို့နယ်ဆရာဝန်များ၊ ကျန်းမာရေးမှူးများ၊ မြိတ်မြို့မှ ရေသန့်ထုတ်လုပ်သူများ၊ အစားအသောက်ထုတ်လုပ်သူများအား အစားအသောက်ဆိုင်ရာ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် အကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များထုတ်လုပ်ခြင်းအကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဆင့်ဆင့်တို့၏ တာဝန်ဝတ္တရားများကို ဟောပြောပို့ချပြီးနောက်ရေသန့်ထုတ်လုပ်သည့် နေရာများသို့ သွားရောက်ကြည့်ရှုပြီးပြုပြင်ရန် လိုအပ်ချက်များကို အကြံပြုဆွေးနွေးခဲ့သည်။ (က-ပ)

သာဓုကန်ခုနစ်ရက် ဒုလ္လဘစခန်း

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် သာဓုကန်ကျေးရွာ ရွာဦးကျောင်းတိုက်တွင် ကျောက်ဆင်တောရမှ ပခုက္ကူဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ဧပြီ ၁၀ရက်မှ ၁၇ရက်အထိ ခုနစ်ရက်၊ ဒုလ္လဘရဟန်းဝတ်ပွဲကျင်းပမည် ဖြစ်သည်။ ဒုလ္လဘရဟန်းဝတ်လိုသူများသည် ဦးမြင့်ကြွယ် (ရုံး)ဖုန်း-၂၅၂၄၁၇၊ ၂၅၄၁၇၃၊ (အိမ်)ဖုန်း- ၅၃၆၇၅၃၊ ဦးစိုးမြင့် (အိမ်) ဖုန်း-၆၆၃၈၆၅တို့တွင် ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး ဧပြီ ၁၀ရက် (စနေနေ့)မွန်းတည့် ၁၂နာရီ အရောက်၊ သာဓုကန်ကျောင်းတိုက်သို့ ကြွရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်မှုစစ်ဆေး

ရန်ကုန် မတ် ၁၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးကြည်ဝင်း၊ လုပ်ငန်းကော်မတီဝင်၊ ရာဖြတ်ဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဦးသောင်းရင်တို့သည် မတ် ၁၅ရက်နံနက်က သံလျက်စွန်းရှိ ရေဆိုးသန့်စင်ရေး စက်ရုံတည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိလာသည်။

လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့အား စီမံကိန်းအင်ဂျင်နီယာ လက်ထောက်ဌာနမှူး ဦးတင်ငွေနှင့် တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း ရေဆိုးများ ထိန်းသိမ်းရေးကန်၊ အနည်စစ်ကန်များ တည်ဆောက်မှုပြီးစီးနေမှု၊ ရေဆိုး သယ်ဆောင်ကွန်ကရစ်ပိုက်များ သွယ်တန်းမည့်နေရာများကို လိုက်လံပြသသည်။

(ယာပုံ) (၁၉)



(၁) New Super Fantasy ပုလင်းတိုင်းတွင် Vitamin C 100mg ထည့်ထားပါသည်။ (၂) နေရောင်ခြည်ကြောင့် ဆုံးရှုံးမှုမရှိစေရန် တံဆိပ်အပြည့်ပတ်ထားပါသည်။
(၃) လူမျိုးဘာသာမရွေး ယုံကြည်စိတ်ချစွာသောက်သုံးနိုင်ပါသည်။

အရောင်းကိုယ်စားလှယ်ကြီးများအတွက်အထူးအစီအစဉ်

(၁) ကဒ် ၁၀၀၀ နှင့်အထက် တစ်လအတွင်းဝယ်ယူရောင်းချပေးပါက တစ်ကဒ်လျှင် Discount - 72 ကျပ်

(၂) ကဒ် ၂၀၀၀ နှင့်အထက် တစ်လအတွင်းဝယ်ယူရောင်းချပေးပါက တစ်ကဒ်လျှင် Discount - 96 ကျပ်
အကျိုးခံစားခွင့် ပေးမည်ဖြစ်ပါသည်။

Customer Service . Loi Hein Co., Ltd. Ph : 703053



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန်

ကြေညာချက်(၂/၂၀၀၄)

ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ တပေါင်းလပြည့်ကျော်(၇)ရက်
(၂၀၀၄ခုနှစ်၊ မတ်လ ၁၂ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ခုနှစ်၊ (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလ)များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အကွက်ရိုက်သတ်မှတ်ထားသော လုံးခင်း၊ ဖားကန့်ဒေသ သတ်မှတ်လုပ်ကွက်(အသစ်)များနှင့် နန့်ယားဆိပ်ဒေသ သတ်မှတ်လုပ်ကွက်(အသစ်)များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပုဒ်မ-၁၂၊ ပုဒ်မ-၁၃၊ ပုဒ်မ-၁၅တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT)ကျပ်တစ်သိန်းပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်းမပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ခုနှစ် အောက်တိုဘာလ (၁)ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက် တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များ တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များ အနေဖြင့် တူးဖော်မှုနှင့်ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေ အကျယ်အဝန်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံး ပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ်(၁၀)သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့်သတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူ ကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၄ခုနှစ် မတ်လ(၁၅)ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ (သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်း၊အပြင် ချိပ်ထိုးပြီး ၂၀၀၄ခုနှစ် မတ်လ (၁၅)ရက်မှ ၂၀၀၄ခုနှစ် ဧပြီလ(၇)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/ လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ရန်ကုန်ပညာရေးတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့တွင် မဟာဘွဲ့ရသူများအတွက် ပညာရေးနည်းပညာ သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမည် - ပညာရေးနည်းပညာသင်တန်း
လက်ခံမည့်ဦးရေ - ရန်ကုန်ပညာရေးတက္ကသိုလ်တွင် (၂၀၀) ဦး
စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် (၂၀၀) ဦး
လိုအပ်သည့်ပညာအရည်အချင်း - တက္ကသိုလ်များမှ မဟာဘွဲ့ရရှိသူများအားလုံး လျှောက်ထားနိုင်သည်။
သင်တန်းဝင်ခွင့် - ဝင်ခွင့်အတွက်လိုအပ်ပါက လူတွေ့၊ နှုတ်ဖြေ ဖြေဆိုရမည်။ သင်တန်းဖွင့်လှစ်မည့်နေ့တွင် (၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက (၄၀)နှစ်ထက် မကြီးသူဖြစ်ရမည်။
သင်ကြားပို့ချမည့်အချိန် - နံနက်(၈)နာရီမှ (၁၁)နာရီအထိ၊ တစ်ရက်(၃)နာရီ တစ်ပတ်(၅)ရက်၊ စုစုပေါင်းတစ်ပတ်လျှင်(၁၅)နာရီ
သင်တန်းကာလ - (၂)လ (ရက်သတ္တပတ် ၈-ပတ်) မေလမှဇွန်လအထိ
သင်တန်းကြေး - သင်တန်းကာလ တစ်ခုလုံးအတွက် ကျပ်တစ်သောင်း (၁၀၀၀၀ိ/-)တိတိဖြစ်ပါသည်။ (နေထိုင်စားသောက်ရေးကို မိမိအစီအစဉ်ဖြင့်သာ ဆောင်ရွက်ရပါမည်။)
ပေးအပ်မည့်လက်မှတ် - ပညာရေးနည်းပညာသင်တန်းဆင်းလက်မှတ် Certificate in Educational Technology(CET) ပေးအပ်ပါမည်။
လျှောက်လွှာစတင်လက်ခံမည့်ရက် - (၂၂-၃-၂၀၀၄) မှ (၃၁-၃-၂၀၀၄)အထိ
လူတွေ့၊ နှုတ်ဖြေပြုလုပ်မည့်ရက် - (၂၆-၄-၂၀၀၄) မှ (၂၇-၄-၂၀၀၄)အထိ
လျှောက်လွှာလက်ခံမည့်နေရာ - ရန်ကုန်ပညာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန
စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန
စုံစမ်းရန် - ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း-၅၃၄၂၇၃၊ ၅၂၇၅၂၇
- စစ်ကိုင်းပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း-၀၂-၃၆၆၂၇/၀၂-၃၆၆၇၉
မှတ်ချက် - (အထက်မြန်မာပြည်)အတွက် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် လျှောက်ထားနိုင်သည်။

လေလံကြော်ငြာ

မင်္ဂလာဒုံတပ်မြို့ စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၀၄/၂၀၀၅ခုနှစ်အတွက် အောက်ပါ အခွင့်အရေးလိုင်စင်များကို ၂၀၀၄ခု မတ်လ(၂၆)ရက် (သောကြာနေ့) နံနက် (၀၉:၀၀)နာရီအချိန်တွင် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ နိုင်ငံခြားသားများမှအပ မည်သူမဆို ဆွဲဝယ်နိုင်ပါကြောင်း။

၁။ ဆိတ်နှင့် ကြက်/ဘဲဆိုင်များ။
၂။ စက္ကူဟောင်း၊ ပုလင်းခွံ၊ ဘူးခွံနှင့် ဂုန်နီအိတ်စသည်များ သိမ်းဆည်းခြင်း။
၃။ အိမ်သာလိုင်စင်များ။
